# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 22 July 2025 ၁၁၈၈၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့ရှိ အောင်ပွဲရ အရာရှိ၊ စစ်သည်များအား သွားရောက်တွေ့ဆုံဂုဏ်ပြု အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် ပြည်သူ့ဆေးရုံနှင့် စာသင်ကျောင်းများ ကြည့်ရှုစစ်ဆေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ဆောင်ရွက်ကာ ပြန်လည်ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့သို့ သွားရောက်၍ နောင်ချိုမြို့ရှိ အောင်ပွဲရ အရာရှိ၊ စစ်သည်များအား သွားရောက်တွေ့ဆုံဂုဏ်ပြုကာ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ပြည်သူ့ဆေးရုံနှင့် စာသင်ကျောင်းများကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့သို့ရောက်ရှိကြပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်မြေပြင်တွင် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့မှုကြောင့် စစ်မြေပြင် တစ်ဆင့်မြင့် ရာထူးတိုးမြှင့်ခြင်းခံရသည့် စစ်သည်တစ်ဦးအား အဆင့်တံဆိပ် တပ်ဆင်ပေးစဉ်။

## ယနေ့ ဖတ်စရာ


အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပ — စာမျက်နှာ » ၈

ဓာတ်ရောင်ခြည်နည်းပညာသုံး ပစ္စည်းများ စနစ်တကျသုံးစွဲနိုင်ရေး အသိပေးနှိုးဆော်ချက် — စာမျက်နှာ » ၁၁

အကျင့်ပျက်ခြစားနေသူတွေရဲ့အုပ်စု — ဆောင်းပါး စာမျက်နှာ » ၉

စာပေထဲက အတွေးအမြင် — ဆောင်းပါး စာမျက်နှာ » ၁၅

ကြေးမုံ

# ဒေသငြိမ်းချမ်းသာယာဝပြောရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့်လက်တွဲ

ပြည်ထောင်စုမြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးကာလမှစ၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မျှော်မှန်းချက်များ၊ လမ်းစဉ်များကိုသွေဖည်ပြီး ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲ စသည့်အစွဲအမျိုးမျိုးဖြင့် လက်နက်စွဲကိုင် အကြမ်းဖက်လမ်းစဉ်များ လုပ်ကိုင်လာကြရာ ယနေ့ထက်တိုင်အောင် အဆုံးမသတ်နိုင်သေးသည်ကို တွေ့ရမည်ဖြစ်သည်။ အစွဲအမျိုးမျိုးကို မဖျောက်ဖျက်နိုင်ဘဲ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ငန်းများ လုပ်ကိုင်လာကြသည်မှာ နှစ်ပေါင်း ၇၀ ကျော် ၈၀ နီးပါးကြာမြင့်လာသည်နှင့်အမျှ ၎င်းတို့တော်လှန်ရေးဆိုသည်မှာ အကောင်အထည်ပေါ်မလာဘဲ ဒေသနှင့် ပြည်သူသာ ထိခိုက်ဆုံးရှုံးမှုများလာသည်ကို တွေ့ရမည်။

မျက်မှောက်ကာလတွင် ၂၀၂၀ ရွေးကောက်ပွဲ မဲမသမာမှုများကြောင့် ဖြစ်ပေါ်လာသော နိုင်ငံရေးအလှည့်အပြောင်းကို အခွင့်ကောင်းယူပြီး လက်နက်ကိုင်သောင်းကျန်းမှုများ တစ်စခန်းပြန်ထလာသည်။ နိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားပျက်ပြားအောင်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုယိုယွင်းအောင် ပြုလုပ်ကြပြီး ပြည်ထောင်စုပြိုကွဲစေရန်အထိ ပြုလုပ်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါအခြေအနေကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က တိုင်းရင်းသားအချင်းချင်း၊ မြန်မာအချင်းချင်းဖြစ်သည်ဆိုသည့် ညီအစ်ကိုမောင်နှမစိတ်ထားဖြင့် စိတ်ရှည်သည်းခံကာ တုံ့ပြန်ဆောင်ရွက်ခဲ့သည်။ ယင်းအခြေအနေကိုလည်း အခွင့်ကောင်းယူကာ အကြမ်းဖက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည့်အတွက် နိုင်ငံတော်အနေဖြင့် တိုင်းပြည်နှင့် လူထုအကျိုးစီးပွားကိုရှေးရှု၍ ထိရောက်သောတုံ့ပြန်ရှင်းလင်းမှုများ ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ် နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter–Terrorism Operation)များကို စွန့်လွှတ်စွန့်စား ရဲစွမ်းသတ္တိများဖြင့် ထိရောက်စွာ ဆောင်ရွက်လျက်ရှိသည်။ မကြာသေးမီရက်များက အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် မြို့ရွာဒေသများကို တပ်မတော်က အပြီးတိုင်ပြန်လည် ထိန်းချုပ်နိုင်ခဲ့သည်ကို တွေ့ရသည်။

ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ်ကာလအတွင်း မိမိတို့၏ အိုးအိမ်တိုက်တာစည်းစိမ်များကို စွန့်ခွာတိမ်းရှောင်နေကြရပြီး အကြမ်းဖက်သမားများနှင့် မသမာသူများ၏ လုယက်ဖျက်ဆီးခြင်းကို ခံခဲ့ကြရသည်။ ဒေသခံပြည်သူများ၏ ယာယီနေရပ်စွန့်ခွာရသည့် ဒုက္ခဆင်းရဲများ၊ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့်အဘက်ဘက်တွင် ထိခိုက်နစ်နာမှုများ၊ စစ်၏ခါးသီးဖွယ်အနိဋ္ဌာရုံများကို ကြုံတွေ့ကြရသောကြောင့် တပ်မတော်က ဒေသများကို ပြန်လည်ထိန်းချုပ်လိုက်သောအခါ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုများ၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများနှင့်အတူ ပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်လာကြသည်။

တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူများအားလုံးအပေါ် မှန်ကန်သော စေတနာနှင့် တိကျခိုင်မာသောတာဝန်များဖြင့် အစဉ်အလာမပျက် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး သမိုင်းကြောင်းတစ်လျှောက်တွင် လက်နက်ကိုင်သောင်းကျန်းသူများ၏ အန္တရာယ်ပေးမှုကြောင့် မြို့ရွာများဖျက်ဆီးခံရပြီး ဒေသခံပြည်သူများ အတိဒုက္ခရောက်ကြရသည်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ပြန်လည်တည်ဆောက်ပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းတို့ကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တပ်မတော်သည် ရှေ့တန်းမှ ထဲထဲဝင်ဝင် ဆောင်ရွက်ပေးခဲ့သည်။ သမိုင်းကြောင်းတစ်လျှောက်တွင် အမျိုးသားသစ္စာဖောက်များနှင့် နိုင်ငံရေးသမားအချို့၏ တပ်မတော်နှင့် ပြည်သူအပေါ် သွေးခွဲရန်တိုက်ပေးသည့် အမုန်းစကားများအရ တပ်မတော်အပေါ် အထင်အမြင်လွဲမှားမှုများရှိမည်ဖြစ်သော်လည်း ယခုအခါ တပ်မတော်၏စေတနာအမှန်ကို လက်တွေ့သိမြင် နားလည်လာကြပြီဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်သည် အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် နိုင်ငံတော်အတွင်းရှိ ဒေသများနှင့် တိုင်းရင်းသားပြည်သူများအပေါ် ကျရောက်လာမည့် အန္တရာယ်အသွယ်သွယ်ကိုလည်း ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ ဒေသတည်ငြိမ်အေးချမ်းရေး၊ ပြန်လည်တည်ဆောက်ရေး၊ အေးချမ်းသာယာဝပြောရေး စသည့်လိုအပ်ချက်များကို မလစ်ဟင်းအောင် ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် မိမိတို့ဒေသများ အစဉ်ထာဝရ ငြိမ်းချမ်းသာယာဝပြောရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ဆက်လက်လက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်–

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဟောက်ခန့်ဆုမ်း<br>ကနေဒါနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဒေါ်မေခိုင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့်ကြီးကြပ်<br>စစ်ဆေးရေးဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာ တိုးမင်းထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန |
| (ခ) | ဒေါ်သူဇာရှိန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ၂၁ - ၇ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁– ၇ – ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၉၀၀ | ၆,၉၀၀ | ၄၂ | ၂၈၉,၈၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၀၀ | ၅၁၄ | ၁,၆၉၆,၄၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၁ | ၇,၆၀၀ |
| FPB | ၂,၀၀၀ | ၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၅၇၀ | ၁,၅၁၀,၅၀၀ |
| EFR | ၁,၆၀၀ | ၁,၇၀၀ | ၁,၉၁၈ | ၃,၁၆၈,၈၀၀ |
| AMATA | ၃,၆၅၀ | ၃,၆၅၀ | ၁၅၀ | ၅၄၇,၅၀၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၂ | ၆,၆၀၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၀ | ၀ |

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✪ ရှေ့ဖုံးမှ

မြို့နယ်ခန်းမ၌ ကျင်းပပြုလုပ်သည့် အောင်ပွဲရ အရာရှိ စစ်သည်များအား ဂုဏ်ပြုခြင်းအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြု အမှာစကားပြောကြားသည်။

ထိုသို့ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တောင်ခမ်းဒေသတစ်ဝိုက်၌ လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ၊ ကွပ်ကဲအုပ်ချုပ်မှုများ ဖြည့်ဆည်းဆောင်ရွက်ကာ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ကို တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ အကြမ်းဖက်သောင်းကျန်းသူများကို လေ့ခွက်ကြီးကျန် အလံမလဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်များဖြင့် ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းခဲ့မှုကြောင့် နောင်ချိုမြို့ကို ပြန်လည်သိမ်းပိုက်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ တပ်မတော်၏ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည့် တိုက်ပွဲဝင်အရာရှိ စစ်သည်များအား တပ်မတော်ကိုယ်စား၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မိမိအနေဖြင့် ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းကို ပြောကြားလိုကြောင်း၊ ထိုသို့ ရရှိထားသည့် အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့ရှိ အောင်ပွဲရ အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။

အကြမ်းဖက်သောင်းကျန်းသူများကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် တပ်မတော်ကို မည်မျှယုံကြည် အားကိုးသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ကာ စစ်မြေပြင်တွင် အကျိုးရှိစွာ အသုံးချသွားရန်လိုကြောင်း၊ ဆက်လက်၍လည်း ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို စစ်သည်တော်ကောင်းတစ်ဦး ပီသစွာလိုက်နာ နေထိုင်သွားရန်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိအောင် လေ့ကျင့်နေထိုင်သွားရန်၊ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိကြရန်နှင့် မိမိ မိသားစု၏ဂုဏ်၊ တပ်မတော်ဂုဏ်ကို ဆက်လက်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးတို့က စစ်မြေပြင်တွင် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့မှုကြောင့် စစ်မြေပြင် တစ်ဆင့်မြင့် ရာထူးတိုးမြှင့်ခြင်းခံရသည့် စစ်သည်များကို အဆင့်တံဆိပ်များ တပ်ဆင်ပေးသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်က အရာရှိ၊ စစ်သည်များအတွက် စားသောက်ဖွယ်ရာများကို




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဒေသခံတိုင်းရင်းသားပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးအပ်သည့် ပစ္စည်း ၁၆ မျိုးပါ Family Kit များကို ထောက်ပံ့ပေးအပ်စဉ်။

ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ မြနန်းတော်ဝင် မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပူးပေါင်းဖွင့်လှစ်ထားသည့် ယာယီဆေးရုံသို့ ရောက်ရှိကြပြီး ယာယီဆေးရုံအတွင်း လာရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို လိုက်လံကြည့်ရှု အားပေးစကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဒေသခံပြည်သူများအား ထောက်ပံ့ငွေများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

အဆိုပါယာယီဆေးရုံကို ဇူလိုင် ၂၀ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့တွင် ဆေးလာရောက်ကုသသူဦးရေ ၁၆၀ ရှိကြောင်း၊ ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း၊ အရေးပေါ်ကုသရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် Mobile ဆေးကုသရေးယာဉ်များ မကြာမီ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဒုတိယဝန်ကြီးချုပ်သည် ယာယီ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားစဉ် ငှက်ဖျားရောဂါကြောင့် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နောင်ချိုမြို့မှ အသက် ၁၅ နှစ်အရွယ် လူနာတစ်ဦးကို ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှု ခံယူနိုင်ရန်အတွက် မိသားစုဝင်များနှင့်အတူ ရဟတ်ယာဉ်ဖြင့် တစ်ပါတည်း ခေါ်ဆောင်လာခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ တောင်ရပ်ကွက်ရှိ ပေါ်တော်ကျောင်းတိုက်သို့သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အင်္ဂုသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်း၊ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး နောင်ချိုမြို့အား ယခင်အေးချမ်းစဉ်ကာလ ဖွံ့ဖြိုးတိုးတက်စည်ပင်မှုထက် ပိုမို၍ ဖွံ့ဖြိုးတိုးတက်သော၊ စည်ပင်သောမြို့အဖြစ် တစ်ဖန်ပြန်လည်ရောက်ရှိအောင် အမြန်ဆုံးဆောင်ရွက်သွားမည့်အခြေအနေများနှင့် သာသနာဆိုင်ရာ ကိစ္စရပ်များ အပါအဝင် ဆရာတော်၊ သံဃာတော်များ၏ ကျန်းမာရေးအခြေအနေများကိုပါ လျှောက်ထားရာ ဆရာတော်က ယခုကဲ့သို့ နောင်ချိုမြို့ကို တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအတွက် များစွာဝမ်းမြောက်ကြောင်း ပြန်လည်မိန့်ကြားပြီးနောက် တပ်မတော်သားများအားလုံးအတွက် ဆက်လက်အောင်မြင်မှုများ ရရှိပါစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့သပေးသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ မြို့နယ်ခန်းမ၌ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ နောင်ချို မြို့ကို တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းကြောင်းကြောင့် ခေတ္တစွန့်ခွာခဲ့ရကြောင်း၊ တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် ၂၄ နာရီတာဝန်ရှိပြီး ပြည်သူများအပေါ် ကျရောက်လာမည့် ဘေးအန္တရာယ်များရန်မှ ကာကွယ်စောင့်ရှောက်ရမည့် တာဝန်လည်းရှိကြောင်း၊ သို့သော်လည်း အကြမ်းဖက်ဖြစ်စဉ်များတွင် နောက်ကွယ်မှ အဆင့်မြင့် နည်းပညာများဖြင့် ကူညီပေးမှုများ၊ အားပေးအားမြှောက်မှုများနှင့် ထောက်ပံ့ပေးမှုများကြောင့် နောင်ချိုဒေသတစ်ဝိုက်မှ အဆင့်ဆင့် တောင်ခမ်းဒေသနှင့် ပြင်ဦးလွင် - နောင်ချိုမြို့နယ် နယ်နိမိတ်အစပ်အထိ ခွာစစ်ဆင်ခဲ့ရပါကြောင်း၊ နောင်ချိုမြို့နယ်ရှိ ဒေသပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လူမှုစီးပွားဘဝ ပြန်လည်ထူထောင်နိုင်ရေးအတွက် မိမိတို့တပ်မတော်သားများတွင် တာဝန်ရှိသည့် အားလျော်စွာ လိုအပ်သည့် အုပ်ချုပ်မှုကိစ္စများအား တောင်ခမ်းတပ်နယ်၌ ပြင်ဆင်စုဖွဲ့မှုများပြုလုပ်ပြီး

**စာမျက်နှာ ၄ သို့** ✪

- ❖ **လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်**
- ❖ **ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို စစ်သည်တော်ကောင်းတစ်ဦး ပီသစွာလိုက်နာ နေထိုင်သွားရန်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိအောင် လေ့ကျင့် နေထိုင်သွားရန်၊ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိကြရန်နှင့် မိမိ မိသားစု၏ဂုဏ်၊ တပ်မတော်ဂုဏ်ကို ဆက်လက်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလို**



## ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့ရှိ ပြည်သူ့ဆေးရုံ၌ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် အရေးပေါ်ခွဲစိတ်ခန်းအပါအဝင် ဆေးရုံအတွင်း ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

✪ စာမျက်နှာ ၃ မှ

အောင်ဇေယျစစ်ဆင်ရေးဖြင့် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter– Terrorism Operation)ကို ရင်ကိုမြေကတုတ်ဖြင့် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏ဟု မနက်/ညနေတိုင်း သစ္စာလေးချက်ရွတ်ဆိုကြသူများပီပီ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ဆောင်ရွက်ခဲ့၍လည်း ယခုကဲ့သို့ နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်ကာ အောင်ပွဲဆင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် တပ်မတော်က နောင်ချိုမြို့အားပြန်လည်ထိန်းချုပ်ပြီး လျှင်ပြီးခြင်း ပထမဆုံးမှာကြားချက်အနေဖြင့် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သည့်အတွက် ပညာတတ်များပေါ်များစေရေး တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး အေးချမ်းပျော်ရွှင်စွာ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနိုင်ရေး လမ်းညွှန်မှာကြားခဲ့ကြောင်း၊ထို့ကြောင့် မိမိတို့နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းများအမြန်ဆုံးဖွင့်လှစ်နိုင်ရေးနှင့် ဇူလိုင် ၂၂ ရက်မှစ၍ ကျောင်းအပ်နှံနိုင်မှု စတင်လက်ခံရန် စီစဉ်ထားပြီးဖြစ်သကဲ့သို့ မိမိအနေဖြင့် မေတ္တာရပ်ခံလိုသည်မှာ မိမိတို့၏ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်နိုင်သည့် မျိုးဆက်သစ်ရင်သွေးငယ်များကို စာသင်ကျောင်းများသို့ မဖြစ်မနေ ပညာသင်ကြားနိုင်ရန် စေလွှတ်ပေးရန်ဖြစ်ကြောင်း၊ ပညာသင်ကြားပေးကြရမည့် ဆရာ ဆရာမများကလည်း ကျောင်းဖွင့်ချိန်နောက်ကျခဲ့သည့်အတွက် ကျောင်းသင်ခန်းစာများကို ကျောင်းပိတ်ရက်အချို့မှရယူ၍ သင်ခန်းစာအကုန်သင်ကြားပေးစေလိုပါကြောင်းနှင့်တတ်မြောက်အောင်လည်း သင်ကြားပေးရန် တိုက်တွန်းလိုပါကြောင်း၊ ဒုတိယအချက်အနေဖြင့် ကျန်းမာရေးဆိုင်ရာကိစ္စဖြစ်ပြီး ခုတင်(၂၅)ဆံ့ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကိုလည်း အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့်အတွက် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် အမြန်ဆုံးပြန်လည်ပြုပြင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် နောင်ချိုမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရန်အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့်နောင်ချိုမြို့နှင့် ပတ်ဝန်းကျင်အနီးရှိကျေးရွာများ အစိုးရ၏ အုပ်ချုပ်မှုယန္တရား လည်ပတ်နိုင်ရေးအတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအနေဖြင့် တပ်မတော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် ယခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပ



သွားမည်ဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသည့် မည်သူမဆို ပါဝင်မဲပေးခွင့်ရရှိရေး လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို အကြောင်းအမျိုးမျိုးကြောင့် ပျောက်ဆုံးခဲ့လျှင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ထမ်းများက အမြန်ဆုံးပြန်လည်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူလူထုကို အလုပ်အကျွေးပြုနေကြသူများဖြစ်သည့်အတွက် ပြည်သူများအပေါ် စိတ်ရင်းစေတနာထားကာ ဝန်ဆောင်မှုများ ပေးအပ်သွားကြရမည်ဖြစ်ကြောင်း၊ မိမိမြို့/ရွာကို မိမိတို့က ပြန်လည်တည်ဆောက်ရမည်ဖြစ်သဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဖျက်ဆီးခဲ့သည့်နေအိမ်များ၊ ရုံးဌာန အဆောက်အဦများနှင့် လမ်းတံတားများ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တစ်ပိုင်တစ်နိုင်ဆောင်ရွက်ခြင်းအပြင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် နောင်ချိုဒေသအား မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိပြီး မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ မြို့ရွာများ အမြန်ဆုံး စည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

စာမျက်နှာ ၅ သို့ »»



ငှက်ဖျားရောဂါကြောင့် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နောင်ချိုမြို့မှ အသက် ၁၅ နှစ်အရွယ် လူနာတစ်ဦးကို ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနိုင်ရန်အတွက် မိသားစုဝင်များနှင့်အတူ ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်လာစဉ်။

- ☆ **နောင်ချိုမြို့နှင့် ပတ်ဝန်းကျင်အနီးရှိကျေးရွာများ အစိုးရ၏ အုပ်ချုပ်မှုယန္တရား လည်ပတ်နိုင်ရေးအတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိရန် ဆောင်ရွက်သွားမည်၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအနေဖြင့် တပ်မတော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်**
- ☆ **ယခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပသွားမည်၊ မဲပေးပိုင်ခွင့်ရှိသည့် မည်သူမဆို ပါဝင်မဲပေးခွင့်ရရှိရေး လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို အကြောင်းအမျိုးမျိုးကြောင့် ပျောက်ဆုံးခဲ့လျှင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ထမ်းများက အမြန်ဆုံးပြန်လည်ပြုလုပ်ပေးသွားမည်**
- ☆ **နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူလူထုကို အလုပ်အကျွေးပြုနေကြသူများ ဖြစ်သည့်အတွက် ပြည်သူများအပေါ် စိတ်ရင်းစေတနာထားကာ ဝန်ဆောင်မှုများ ပေးအပ်သွားကြရမည်**

»»» စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား စသည့် စားသောက်ကုန်ပစ္စည်းများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးအပ်သည့် ပစ္စည်း ၁၆ မျိုးပါ Family Kit များကိုထောက်ပံ့ပေးအပ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ရပ်မိရပ်ဖနှစ်ဦးက လက်ခံရယူသည်။ နောင်ချိုမြို့သို့ ပြန်လည်ရောက်ရှိနေထိုင်ကြသည့် ဒေသခံပြည်သူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ထောက်ပံ့ပေးသည့် အမယ်စုံပစ္စည်းများနှင့် ရိက္ခာများကို ဇူလိုင် ၁၈ ရက်တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တပ်မတော်အရာရှိကြီးများက အပြည့်အစုံ ပေးအပ်ထားပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် အရေးပေါ်ခွဲစိတ်ခန်းအပါအဝင် ဆေးရုံအတွင်း ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး ဆေးရုံအတွင်းနှင့်အပြင် ပျက်စီးမှုများကို အမြန်ဆုံးဖယ်ရှားရှင်းလင်းရေး၊ ဖယ်ရှားရှင်းလင်းစဉ် ဆယ်တင်အသုံးပြု၍ရသည့် ပစ္စည်းများကို ပြန်လည်စမ်းစစ်မှုများပြုလုပ်ကာ အသုံးပြုနိုင်ရေး၊ ဆေးရုံ အတွင်း/အပြင်သန့်ရှင်းသာယာလှပရေး၊ ရေ၊ မီး၊ မိလ္လာစနစ်ကောင်းမွန်စေရေးတို့ကို အမြန်ဆုံး ပြန်လည်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် မီးသတ်ဦးစီးဌာနရုံးသို့ ရောက်ရှိကြပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ ပါဝင်ပူးပေါင်းဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ချီးမြှင့်ငွေများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုစည်ပင်သာယာရေးရုံး၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပွဲတွင် တာဝန်ရှိသူများ၏ တင်ပြမှုများနှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအတွင်းရှိ ပတ္တမြားခန်းမ၊ စာသင်ဆောင်များ၊ ကျောင်းအုပ်ကြီးရုံးခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများက ဇူလိုင်လ ၂၂ ရက်မှစတင်၍ ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံမှုကို လက်ခံပေးသွားပြီး အတန်းအလိုက် သင်ခန်းစာများ ပြန်လည်သင်ကြားပေးသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်က ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေး သန့်ရှင်းရေးဆောင်ရွက်သွားရန်နှင့် ပြန်လည်ပြုပြင်ရမည့် စာသင်ဆောင်များကို အမြန်ဆုံးဆောင်ရွက်သွားရန်မှာကြားပြီး ဆရာ ဆရာမများ၏ နေထိုင်စားသောက်မှုအဆင်ပြေစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့မရဲစခန်းသို့ ရောက်ရှိကြပြီး ရဲစခန်းဝင်းအတွင်း အကြမ်းဖက်သောင်းကျန်းသူများက အဆောက်အဦများကို ဖျက်ဆီးခဲ့မှုနှင့် အခိုင်အမာ ခံစစ်စခန်းတည်ဆောက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရဲတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်ကာလအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နိုင်ငံတော်နှင့် မိမိအဖွဲ့အစည်းအပေါ် သစ္စာရှိစွာ ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နောင်ချိုစည်ပင်သာယာရေးရုံးသို့ ရောက်ရှိကြပြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နောင်ချိုမြို့ရှိ ပြည်သူများ၏ ယုံကြည်မှုပြန်လည်ရရှိရန်အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားအား အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေး မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် အဆင့်ဆင့် ပြန်လည်ဖွဲ့စည်းဆောင်ရွက်သွားရန်၊ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ဆုံးရှုံးမှုမရရှိရေး လိုအပ်သည်များ ကြိုတင်စီစဉ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိကင်းရှင်းစွာ ဝန်ဆောင်မှုပေးရန်၊ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ဌာနဆိုင်ရာအဆောက်အဦများနှင့် ဒေသခံပြည်သူများ၏ ပျက်စီးသွားသည့် အဆောက်အဦများကို Level I/II စစ်ဆေး၍ လိမ္မော်နှင့် အနီရောင်အဆင့် ခွဲခြားသတ်မှတ်ကာ အဆောက်အဦများ ပြန်လည်ပြုပြင် အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်ထားသည့် လုပ်ငန်းအစီအမံအတိုင်း အဆင့်လိုက် အမြန်ဆုံးဆောင်ရွက်ကြရန်နှင့် ဦးစားပေးအဖြစ် စာသင်ကျောင်းနှင့် ဆေးရုံအား ချက်ချင်းစတင်ဆောင်ရွက်ရန်၊ နောင်ချိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှလည်း နောင်ချိုမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများသို့ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုအာဏာစက်၊ ဘာသာသာသနာ၏ ဓမ္မစက်နှင့် တရားဥပဒေစိုးမိုးမှုအောက်သို့ အေးချမ်းစွာ နေထိုင်လိုပြီး မိမိတို့၏ လူမှုစီးပွားဘဝအတွက် ရိုးသားစွာ လုပ်ကိုင်စားသောက်လိုသည့် မည်သည့် ဒေသခံတိုင်းရင်းသားမဆို မိမိတို့၏ ရပ်ကွက် အိုးအိမ်များတွင် အမြန်ဆုံးနေထိုင်မည်ဆိုပါက စနစ်တကျစိစစ်၍ ပြန်လည်နေထိုင်နိုင်ရေး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်း အပတ်စဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ၍ လုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- **နောင်ချိုမြို့ရှိ ပြည်သူများ၏ ယုံကြည်မှုပြန်လည်ရရှိရန်အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားအား အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေး မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် အဆင့်ဆင့်ပြန်လည်ဖွဲ့စည်းဆောင်ရွက်**
- **မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ဆုံးရှုံးမှုမရရှိရေး လိုအပ်သည်များ ကြိုတင်စီစဉ်ဆောင်ရွက်**
- **ဝန်ထမ်းများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိကင်းရှင်းစွာ ဝန်ဆောင်မှုပေး**

## ဧရာဝတီမြစ်၊ စစ်တောင်းမြစ်နှင့် ငဝန်မြစ်ကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ရွှေ့ပြောင်းနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၂၁

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက် ၃၆ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဆက်လက်တည်ရှိနိုင်**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းရွှေ့ပြောင်းနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၈)ကြိမ်မြောက် UN Peacekeeping Officer Course သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာသင်တန်း (UN Peacekeeping Officer Course) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာ့တပ်မတော်မှ အရာရှိ၊ စစ်သည်များအနေဖြင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းတာဝန်များသိရှိနိုင်စေရန်အတွက် မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်တို့ ပူးပေါင်းဖွင့်လှစ်သော ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုဆိုင်ရာ သင်တန်း (UN Peacekeeping Officer Course) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ၊ စစ်သံမှူးများ၊ အိန္ဒိယတပ်မတော်မှ နည်းပြအရာရှိများ၊ မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဖွင့်မိန့်ခွန်း ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံ Center For United Nations Peace-keeping (CUNPK)မှ နည်းပြအရာရှိတစ်ဦးက အိန္ဒိယနိုင်ငံ၏ UN Peacekeeping Operation တွင် ပါဝင်ဆောင်ရွက်နေမှုအခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် CUNPK မှ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

**ဖွင့်လှစ်သင်ကြားပေးသွားမည်**

အဆိုပါ သင်တန်းသည် (၈)ကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း အရာရှိ ၁၃၀၊ စစ်သည် ၈၄ ဦး တက်ရောက်ခဲ့ကြကာ ယခုသင်တန်းတွင် အရာရှိ ၃၀ တက်ရောက်ကြမည် ဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းများ၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ စည်းမျဉ်းများနှင့် ဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးအဖွဲ့များ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များ၊ အရပ်သားများအား ကာကွယ်စောင့်ရှောက်မှု၊ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်မှု၊ စစ်ဘက်-အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှု၊ ကင်းလှည့်ခြင်း၊ ယာဉ်တန်းလုံခြုံရေး ဆောင်ရွက်ခြင်း၊ တပ်ခွဲအခြေချစခန်းတည်ဆောက်ခြင်း၊ လေ့ကျင့်ခန်း BlueHelmet စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး ဩဂုတ် ၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား အမယ်သုံးမျိုးနှင့် ချီးမြှင့်ငွေများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်ခုနစ်မြို့နယ်နှင့် ကယားပြည်နယ် မြို့နယ်သုံးမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား အမယ်သုံးမျိုးနှင့် ချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား အမယ်သုံးမျိုးနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခုဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများ အပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာနေရာတစ်ခုလည်း ဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံကဇာတ်ရုံကြီး(Red Carpet Theatre) အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့် ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွားရှ်ဖြစ်စေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ**

- ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး
  ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
  ၀၉ ၇၉၈၃၇၄၇၀၉၊ ၀၁၇ ၅၃၆၀၃၀
- ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂)
  မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
  ၀၉ ၇၆၅၂၆၂၆၇၉

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၁

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဆက်ဆံရေး ပိုမိုခိုင်မာစေမည့် နည်းလမ်းများအပေါ် အမြင်ချင်း ဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံအကျိုး ဖြစ်ထွန်းစေမည့် ကိစ္စရပ်များ ပူးပေါင်း ဆောင်ရွက်ရေးကို ဆွေးနွေးကြသည်။ သတင်းစဉ်



# သံအမတ်ကြီး ဦးဇော်ဇော်စိုး ထိုင်းနိုင်ငံဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဇူလိုင် ၂၁

ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ဇော်စိုးသည် ၎င်း၏ ခန့်အပ်လွှာကို ယမန်နေ့က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်နန်းတော်၌ ထိုင်းနိုင်ငံဘုရင်မင်းမြတ် မဟာဗာဂျီယာလောင်ကွန်း ဖရာ့ ဗာဂျီယာကလောင့်ကျောင့်ယူဟူဝါ ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Neta U အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် YP7 Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ သတင်းစဉ်



# ရွှေပညာဒါန (အခမဲ့) အသိပညာပေးသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း ဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းက ကြီးမှူးဖွင့်လှစ်သည့် (၃၆)ကြိမ်မြောက် ရွှေပညာဒါန(အခမဲ့) အသိပညာပေး သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ အသင်းရုံး အစည်းအဝေးခန်းမ၌ အသင်းတွဲဖက်အတွင်းရေးမှူး ဦးအေးချိုက သင်တန်းဆင်းအမှာစကားနှင့် ကျေးဇူးတင်စကားပြောကြားသည်။




ထို့နောက်အသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အလုပ်အမှုဆောင်များ၊ သင်တန်းဆရာများက သင်တန်းသား ၈၀ ကျော်တို့ကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကြသည်။

ရွှေပညာဒါန (အခမဲ့)သင်တန်းကို ဇူလိုင် ၁၁ ရက်မှ ၁၉ ရက်အထိ သင်ကြားပို့ချပြီး သင်တန်းတွင် ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်း၊ ရွှေပန်းထိမ်ပညာ၊ ရွှေဆိုင်ဖွင့်ရန် အခြေခံတွက်နည်းချက်နည်းပညာ၊ ရွှေ/ငွေ ဒင်္ဂါးပညာ၊ အပေါင်ခံခြင်းပညာ၊ ကျောက်မျက်ပညာ၊ အသုံးချရွှေသချာဘာသာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်းဆိုင်ရာ ဘာသာရပ်တို့ကို ပို့ချခဲ့သည်။

မျိုးမင်းသူရ

**စာအုပ်စာပေ လူ့မိတ်ဆွေ — စာပေမြင့်မှ လူမျိုးတင့်မည်**

## စိတ်ကောင်းရှိမှ ကိုယ်ချင်းစာလို့ရ

❖ သူ့ကို ငါ့အလား
စိတ်မှာထား
အဲဒါကိုယ်ချင်းစာတရား။

❖ ကိုယ့်ကိုယ်ကိုယ်လျှင်
အပြစ်မမြင်
လူတွင်ရှိရိုး စိတ်ဓာတ်မျိုး။

❖ ကိုယ်ကလွဲလျှင်
စိတ်ထဲတွင်
အပြစ်မြင်တတ်တာ လူ့ဓမ္မတာ။

❖ သူဟာ ငါပဲ
စိတ်မှတ်စွဲ
ဖြစ်မြဲဓမ္မတာ ကိုယ့်တိုင်းသာ။

❖ အရာရာမှာ ကိုယ်ချင်းစာ
မတွေ့ဘယ်ခါ အပြစ်ရှာ။

❖ လူတိုင်းစိတ်မှာ ကိုယ်ချင်းစာ
ထာဝရ ငြိမ်းချမ်း ကမ္ဘာတစ်ဝန်း။

❖ ကိုယ်ချင်းစာခြင်း လူ့စိတ်တွင်း
အရင်းမူလ စိတ်ကောင်းပါ။

ငြိမ်းငွေစံ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၆၅၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၁-၇-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၃-၇-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၇-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆၅၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

❖ အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
❖ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
❖ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကိုဦးစားပေးအစီအစဉ်ဖြင့်ကိုဗစ်-၁၉ရောဂါထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပ

ရန်ကုန်  ဇူလိုင်  ၂၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။



## တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ သင်ကြားဆရာတော်များ၊ ဂုဏ်ထူးဆောင်ပါမောက္ခ ဆရာတော်များ၊ သင်ကြားသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်ဝန်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ပနိုင်ငံများမှ သံအမတ်ကြီးများ၊ အတွင်းဝန်များနှင့် သံရုံးတာဝန်ခံများ၊ ပြည်တွင်း၊ ပြည်ပနိုင်ငံများမှ ဘွဲ့ရသင်တန်းသားများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက "သာရဏီယ အဖွင့်သြဝါဒကထာ" မိန့်ကြားချီးမြှင့်တော်မူပြီး ဒုတိယပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနောဓိဉာဏက ဥက္ကဋ္ဌဆရာတော်၏ သြဝါဒကထာကို အင်္ဂလိပ်ဘာသာဖြင့် ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂုဏ်ယူဝမ်းမြောက်စကားလျှောက်ထားကြပြီး ပါမောက္ခချုပ်ဆရာတော်က ဘွဲ့ရကျောင်းသားများအား တက္ကသိုလ်အဓိဋ္ဌာန် အမေး၊အဖြေပြု၍သင်တန်းအသီးသီးသို့တက်ရောက်အောင်မြင်ခဲ့ကြသော ပြည်တွင်း၊ပြည်ပသင်တန်းသားသင်တန်းသူ စုစုပေါင်း ၉၁ ပါး/ဦးတို့အား သက်ဆိုင်ရာဘွဲ့နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းတော်မူသည်။

ယင်းနောက် ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ)တန်းမှ ပညာရည်ချွန်ထူးချွန်ဆုရရှိသော (Gold Medallist) ထူးချွန်ရွှေတံဆိပ်ဆုရှင် ဗီယက်နမ်(သီလရှင်) Nguyen Anh Tuyet အား ပါမောက္ခချုပ်ဆရာတော်က ချီးမြှင့်သည့် ရွှေစင်ရွှေပြားဆုတံဆိပ်ကို ပါမောက္ခချုပ်ဆရာတော်ကိုယ်စား ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသော တာဝန်ရှိသူများနှင့် သံအမတ်ကြီးများအား ဒုတိယပါမောက္ခချုပ်(စီမံ)က အမှတ်တရဂုဏ်ပြုတံဆိပ်များ ပေးအပ်သည်။

ဆက်လက်၍ ဘွဲ့ရ(ပြည်ပ) သင်တန်းသားသင်တန်းသူများ၏ နိုင်ငံများမှ သံအမတ်ကြီးများကိုယ်စား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskanber Azizov က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပါမောက္ခချုပ်ဆရာတော်က "ဘွဲ့မှတ်တမ်းမော်ကွန်းစာအုပ်"တွင် မော်ကွန်းတင်လက်မှတ်ရေးထိုး၍ ဘွဲ့ရကျောင်းသားများအား ဆုံးမသြဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်ပနိုင်ငံများနှင့် ပြည်တွင်းမှ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များ တက်ရောက်သင်ကြားလျက်ရှိကာ ယနေ့အချိန်ထိ တက္ကသိုလ်သို့ တက်ရောက်အောင်မြင်ခဲ့သော ပြည်တွင်း၊ ပြည်ပသင်တန်းသားများမှ ပါရဂူဘွဲ့ရရှိသူ ၅၅ ပါး/ဦး၊ မဟာဝိဇ္ဇာဘွဲ့ရရှိသူ ၂၇၃ ပါး/ဦး၊ ဝိဇ္ဇာဘွဲ့ရရှိသူ ၉၃၇ ပါး/ဦး၊ ဒီပလိုမာအောင်လက်မှတ်ရရှိသူ ၁၄၂၁ ပါး/ဦး စုစုပေါင်း ၂၆၈၆ ပါး/ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပြည်တွင်း၊ ပြည်ပသင်တန်းသား စုစုပေါင်း ၄၀၈ ပါး/ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

မြန်မာနိုင်ငံ၌ စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာကို ပြည်တွင်း၌သာမက ပြည်ပမှပါ မည်သူမဆို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသင်ယူနိုင်စေရန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးကို ဖွင့်လှစ်လျက်ရှိကာ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာနှင့် ပါဠိဘာသာရပ်များအပြင် သမထနှင့် ဝိပဿနာဟူသော ဗုဒ္ဓဓမ္မကျင့်စဉ်များကိုပါ တက္ကသိုလ်အနေဖြင့် လက်တွေ့ကျကျ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော်  ဇူလိုင်  ၂၁

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဝါတွင်းကာလ သီတင်းသုံးတော်မူကြသည့်သံဃာတော်များ ဆွမ်း၊ ကွမ်းအခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် မနင်းဆီကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူလျက်ရှိကြသည့် ဆရာတော်၊ သံဃာတော်များနှင့် စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## ဂျပန်နိုင်ငံတွင် ကျင်းပသည့် "BRIDGES Summer Camp - 2025" ၌ မြန်မာကျောင်းသားလူငယ်အဖွဲ့ ယဉ်ကျေးမှုဖလှယ်ခြင်းများ ဆောင်ရွက်ခဲ့

ရန်ကုန်  ဇူလိုင်  ၂၁

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၂ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် "(၃၇)နှစ်မြောက် နွေရာသီ အပြည်ပြည်ဆိုင်ရာ လူငယ်များတွေ့ဆုံပွဲ - ၂၀၂၅" (BRIDGES Summer Camp – 2025) သို့ မြန်မာ ကျောင်းသားလူငယ်ကိုယ်စားလှယ် ခြောက်ဦးက Junior Ambassador များအဖြစ် ပါဝင်တက်ရောက်၍ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များ ဆောင်ရွက်ခဲ့ကြသည်။




အဆိုပါ မြန်မာကျောင်းသားလူငယ် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၂ ရက်မှ ၁၄ ရက်အထိ ဂျပန်နိုင်ငံ Fukuoka Marine House Camp ၌ အာရှ – ပစိဖိတ်ဒေသ ၄၂ နိုင်ငံမှ Junior Ambassador များနှင့် အတူ စခန်းချ၍ စုပေါင်းနေထိုင်ကြပြီး တွေ့ဆုံပွဲအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုဖလှယ်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် ဇူလိုင် ၁၅ ရက်တွင် "မိုင်းအိမတ်ဆုဘာရ" ဂျပန်အလယ်တန်းကျောင်းသို့ သွားရောက်လေ့လာ၍ ကျောင်းအုပ်ဆရာမကြီးနှင့်တွေ့ဆုံခြင်း၊ ဂျပန်ကလေးငယ်များနှင့် အမေး၊အဖြေပြုလုပ်ခြင်း၊ ကျောင်းခန်းမ၌ "နွေဦးကဗျာ" သဂြိုန်သီချင်းဖြင့် ကပြခြင်း၊ ဂျပန်ကလေးများအား မြန်မာသနပ်ခါး လိမ်းခြယ်ပေးခြင်းတို့ကို ဆောင်ရွက်သည်။

ထို့နောက် ဇူလိုင် ၁၅ ရက် ညပိုင်းမှစ၍ ၂၀ ရက် ညပိုင်းအထိ ဂျပန်မိသားစု နေအိမ်များသို့ Home Stay အဖြစ် တစ်ဦးချင်း လိုက်ပါနေထိုင်ပြီး အိမ်ရှင်ကျောင်းသားများ၏ ကျောင်းများသို့ တစ်နေ့တာ အတူလိုက်ပါတက်ရောက်ခြင်း၊ လူငယ်တွေ့ဆုံပွဲ၏ အဓိကအစီအစဉ်ဖြစ်သည့် "We are the BRIDGE Festival" သို့ အိမ်ရှင်မိသားစုများအား မြန်မာဝတ်စုံဝတ်ဆင်စေ၍ အတူပါဝင်ဆင်နွှဲခြင်း၊ "နွေဦးကဗျာ" သဂြိုန်သီချင်းဖြင့် ကပြဖျော်ဖြေခြင်း၊ ပွဲတော်သို့လာရောက်သည့် ဧည့်သည်များအား မြန်မာသနပ်ခါး လိမ်းခြယ်ပေးခြင်း၊ အိမ်ရှင်မိသားစုများနှင့်အတူ Fukuoka Tower အပါအဝင် ဖူကူအိုကာ၏ အထင်ကရ နေရာများအား လည်ပတ်ခြင်း စသည့်အစီအစဉ်များကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လူငယ်တွေ့ဆုံပွဲအစီအစဉ်ကို ဂျပန်နိုင်ငံ ဖူကူအိုကာမြို့တွင် အခြေစိုက်သည့် အာရှ-ပစိဖိတ်ဒေသ ကလေးများဆိုင်ရာ ကွန်ဗင်းရှင်း (Asian Pacific Children's Convention – APCC) က "We are the BRIDGE" ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး APCC မှ အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံ ၄၂ နိုင်ငံမှ အသက် ၁၁ နှစ်အရွယ် ကျောင်းသား ကျောင်းသူ ၁၉၂ ဦးတို့ တက်ရောက်ခဲ့ကြသည်။

မြန်မာကျောင်းသား လူငယ်များ အဆိုပါ"နွေရာသီ အပြည်ပြည်ဆိုင်ရာလူငယ်များ တွေ့ဆုံပွဲ - ၂၀၂၅" သို့ ပါဝင်တက်ရောက်ခွင့်ရရှိခြင်းဖြင့် အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများမှ လူငယ်များနှင့် အပြန်အလှန်ထိတွေ့ဆက်ဆံခွင့်ရရှိခြင်း၊ ယဉ်ကျေးမှုများ အပြန်အလှန် ပိုမိုသိရှိခွင့်ရရှိခြင်း၊ အပြည်ပြည်ဆိုင်ရာ အတွေ့အကြုံများရရှိခြင်း၊ မိမိပတ်ဝန်းကျင်တိုးတက်မှုအတွက် အထောက်အကူရရှိခြင်း၊ တစ်ဦးချင်းယုံကြည်မှုနှင့် အားထုတ်မှုများ ရရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ်တွင် ကျင်းပမည့် "BRIDGE Summer Camp 2026" အတွက် တရားဝင်ကမ်းလှမ်းဖိတ်ကြားမှုအား လက်ခံရရှိပါက မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း(MJA) အနေဖြင့် သတ်မှတ်ချက်နှင့် ကိုက်ညီသည့် မြန်မာနိုင်ငံမှ အခြေခံပညာကျောင်းသား လူငယ်များအား အဆိုပြုလွှာခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

(ဤဆောင်းပါးပါ အမြင်များနှင့် ထင်မြင်ချက်များသည် စာရေးသူ၏ အမြင်များနှင့် ထင်မြင်ချက်များသာဖြစ်ပါသည်။)

# အကျင့်ပျက်ခြစားနေသူတွေရဲ့အုပ်စု

ပြီးခဲ့တဲ့ ဇွန်လတုန်းက စာရေးသူဟာ "ခန်းမဗလာ စကားလုံးတွေက အနှစ်မပါ" ဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်ပုဒ်ရေးခဲ့ဖူးတယ်။ နယူးယောက် ဆင်စွယ်နန်းတော်ကြီးထိပ်မှာထိုင်နေကြတဲ့ ကမ္ဘာ့သူကြီးဦးမိုက်တီး၊ ဒေါ်မိုက်တီးတို့ရဲ့ ပင်ကိုဗီဇထဲမှာကိုက ဒီလိုမျိုးအနှစ်သာရမရှိတဲ့ အပြုအမူတွေလုပ်ချင်တဲ့ ဉာဉ်ဆိုးပါနေပုံရတယ်လို့ဆိုရမှာပဲ။



www.gnlm.com.mm 11 JULY 2025 THE GLOBAL NEW LIGHT OF MYANMAR 9

ARTICLE POEM

Parliament of Misconduct

By Kyaw Myint Htoon (Paris)

IN June, this author wrote a column titled "Empty Chambers, Empty Words".

It seems it's in the DNA of the mighty powers that sit atop the Ivory Tower in New York.

The great envoy was not the only one who spoke to the empty chamber when the speech was given in New York. Her supremo recently attended a conference in Saville, Spain, that some Western outlets have described as "empty chairs, missing leaders"!

It was a once-in-a-decade finance conference in Seville. A nice junket for the Supremo and cronies!!!

If there were any sign of relevance to the Supremo, the conference should be at capacity, considering it is held once every ten years.

An article in one highly reputable news outlet said it all. It said in a blistering heat, empty chairs mar the flagship development event. The article also said "empty chairs, missing leaders". Only one G7 leader attended. Even some usual suspects from the Global South, for whom event such as this is a "must-attend", skipped. Both the Supremo and Deputy attended. Some insiders said no. 1 and 2 are not supposed to travel together. All that doesn't matter anymore. A year and a chain left in the term, and who cares! It would be good to see how these Self-Absorbed People (SAPs) in the Ivory Tower spin it to claim victory. But, aren't they supposed to be facing an unprecedented financial crisis? Nothing has changed after all! Let's hope the big Uncle is taking note.

These people are in deep denial and oblivious to the reality of the current-day politics. There is a recent article that laid out extensive perks these officials receive amid the budget crisis. People around the world are suffering. The clock is ever closer to midnight. These SAPs live large and live well!

Let's call them out for their failures. In Haiti, criminal gangs have exerted "near-total control" over the capital. Wait! Not long ago, didn't these SAPs just come up with such a brilliant idea to deploy military forces from another faraway country? Note also that these SAPs have been on the ground in Haiti for decades.

They will be speaking to an empty Chamber in late September. The great Envoy is busy preparing for a day talkfest related to Myanmar. Doesn't matter the empty chamber! Usually in New York, the third week of September is when who's who from the whole world is in town. But end of September? No one's there! Financial crisis or not, let's plough ahead with the conference on Myanmar anyway! Events like this are an opportunity for nice junkets. Justification for the contract. The minor league University down South doesn't have the budget to cover fancy travels and accommodations. While travelling on official dime, let's mix up with private business.

To resolve any conflict, all sides need to be at the table, especially the most important player. If there is any intelligence with these SAPs, this is how the end-of-September talkfest would be organized. But in this case, the main actor is ignored - neither invited nor views solicited!

They continue to organize empty conferences. Make speeches to empty chambers.

There is an expression in Myanmar for the people who do not have much up there in their heads. They are called ... brain! No shortage of these types in the Ivory Towers in New York and Geneva!

*(The views and opinions expressed in this article are those of the author.)*

နယူးယောက်မှာ မိန့်ခွန်းပြောတုန်းက ဗလာကျင်းနေတဲ့အခန်းထဲမှာ စကားပြောခဲ့တဲ့သူဟာ အဲဒီမဟာသံတမန်ကြီးတစ်ယောက်တည်း မကဘူး။ သူ့ရဲ့ "အကြီးအကဲ" လို့ ခေါ်တဲ့ ပုဂ္ဂိုလ်ကလည်း မကြာသေးခင်က စပိန်နိုင်ငံ ဆီဗီးလ်မြို့မှာလုပ်တဲ့ ညီလာခံတစ်ခုကို သွားတက်ခဲ့သေးတယ်။ အဲဒီညီလာခံကို အနောက်တိုင်း သတင်းမီဒီယာတချို့က "ထိုင်ခုံတွေဗလာ၊ ခေါင်းဆောင်တွေမလာ"လို့ ဖော်ပြခဲ့ကြတာကိုကြည့်ရင် ရိပ်စားမိလောက်ပါရဲ့။

ဆီဗီးလ်မှာ လုပ်ခဲ့တဲ့ပွဲက ဆယ်စုနှစ်တစ်ခါမှ တစ်ကြိမ်ကျင်းပတဲ့ ဘဏ္ဍာရေးညီလာခံကြီးတစ်ခုလို့ ဆိုပေမယ့် ဒီ "အကြီးအကဲ" နဲ့ သူ့ရဲ့နောက်တော်ပါတွေအတွက်ကတော့ စရိတ်ငြိမ်းအပျော်ခရီးတစ်ခုပါပဲ။

"အကြီးအကဲ"အတွက် ဒီကွန်ဖရင့်ဟာ တကယ်ပဲ အရေးပါတဲ့ပွဲတစ်ခုသာဆိုရင်၊ ဆယ်နှစ်မှ တစ်ခါလုပ်တဲ့ ဒီပွဲမှာ လူတွေပြည့်ကျပ်နေသင့်တာပေါ့။

### ရုပ်ပျက်ဆင်းပျက်ဖြစ်စေခဲ့

ဩဇာတိက္ကမ ကြီးမားတဲ့ သတင်းဌာနတစ်ခုရဲ့ ဆောင်းပါးတစ်ပုဒ်ကတော့ အကုန်လုံးကို ဖွင့်ချလိုက်တယ်။ အဲဒီဆောင်းပါးမှာ ရေးထားတာက "ပြင်းထန်တဲ့အပူဒဏ်အောက်မှာ ဗလာကျင်းနေတဲ့ ထိုင်ခုံတွေက အဓိကကျတဲ့ ဖွံ့ဖြိုးတိုးတက်ရေးပွဲကြီးကို ရုပ်ပျက်ဆင်းပျက် ဖြစ်စေခဲ့တယ်" တဲ့။ ဆောင်းပါးက "ထိုင်ခုံတွေဗလာ၊ ခေါင်းဆောင်တွေ မလာ"လို့ ဆိုထားတယ်။ G7 ခေါင်းဆောင်တစ်ဦးတည်းပဲ တက်ရောက်ခဲ့တာကို တွေ့ရတယ်။ ပုံမှန်ဆို ဒီလိုပွဲမျိုးတွေကို မဖြစ်မနေတက်ရောက်လေ့ရှိတဲ့ ကမ္ဘာ့တောင်ခြမ်းက ထင်ရှားသူတချို့တောင် တက်မလာခဲ့ကြဘူး။

"အကြီးအကဲ"နဲ့ ဒုတိယအကြီးအကဲနှစ်ယောက်စလုံးကတော့ တက်ခဲ့ကြပါတယ်။ "နံပါတ် ၁ နဲ့ နံပါတ် ၂ အတူတူ ခရီးမသွားသင့်ဘူး"လို့ အတွင်းလူတချို့က ဝေဖန်ခဲ့ကြတာတွေလည်းရှိတယ်။ ဒါပေမဲ့ ဒီကိစ္စတွေအားလုံး အခုတော့ အရေးမကြီးတော့ပါဘူး။ သူတို့ရဲ့ သက်တမ်းကုန်ဖို့ တစ်နှစ်လောက်ပဲ ကျန်တော့တာဆိုတော့ ဘယ်သူကများ ဒါကို ဂရုစိုက်တော့မှာလဲ။ ဒီ "ဆင်စွယ်နန်းတော်ကြီး" ပေါ်က ကိုယ်ကျိုးရှာ ကိုယ်သာအဓိကသမားတွေ (SAPs) (အတ္တသမားတွေ)က သူတို့ရဲ့ ကျရှုံးမှုတွေကို အောင်မြင်မှုတွေပါလို့ ဘယ်လိုများ ဖြီးလုံးထုတ်ကြဦးမလဲဆိုတာကို စောင့်ကြည့်ကြရပါလိမ့်မယ်။ ဒါပေမဲ့ သူတို့တွေက မကြုံစဖူး ငွေကြေးအကျပ်အတည်းကြီးနဲ့ ရင်ဆိုင်နေရတာ မဟုတ်လား။ သူတို့ဘာမှ ပြုပြင်ပြောင်းလဲရေး မလုပ်နိုင်သေးပါဘူး။ မပြောင်းလဲသေးပါဘူး။ "အန်ကယ်ဆမ်ကြီး" ကတော့ ဒီအခြေအနေတွေကို သတိမူမိမယ်လို့ သာမျှော်လင့်ကြပါစို့ရဲ့။ ဒီလူတွေကတော့ လက်ရှိနိုင်ငံရေးအခြေအနေမှန်ကို လုံးဝလက်မခံနိုင်ဘဲ ဘာဖြစ်လို့ဖြစ်နေမှန်းကို မသိကြတဲ့သူတွေပါ။

ဘတ်ဂျက်အကျပ်အတည်းကြားထဲက ဒီအရာရှိတွေရနေတဲ့ မတန်တဆအကျိုးခံစားခွင့်ကြီးတွေအကြောင်းကို မကြာသေးခင်က ထွက်ပေါ်လာတဲ့ ဆောင်းပါးတစ်ပုဒ်မှာ အသေးစိတ် ဖော်ပြထားတယ်။ ကမ္ဘာတစ်ဝန်းက လူတွေကတော့ ဒုက္ခပင်လယ်ဝေပြီး ဆင်းရဲဒုက္ခရောက်နေကြရတယ်။ နာရီလက်တံကလည်း သန်းခေါင်ယံကို ပိုပြီးနီးကပ်လာနေပြီ။ (အချိန်နည်းလာပြီ။ အခြေအနေဆိုးလာပြီဆိုတဲ့သဘော) ဒါပေမဲ့ ဒီတစ်ကိုယ်ကောင်းသမားတွေကတော့ ထည်ထည်ဝါဝါ စည်းစိမ်ခံပြီး စံစားလို့ကောင်းနေကြတုန်းပါ။

သူတို့ရဲ့ ကျရှုံးမှုတွေကို ထောက်ပြကြရအောင်။ ဥပမာ – ဟေတီနိုင်ငံမှာဆို ရာဇဝတ်ဂိုဏ်းတွေက မြို့တော်ကို "လုံးဝနီးပါး ထိန်းချုပ်ထားနိုင်ပြီ" တဲ့။ ခဏလေး။ မကြာသေးခင်ကမှ ဒီ SAPs (အတ္တသမားတွေ) တွေက အဲဒီလိုဖြစ်နေတာကို ထိန်းချုပ်ဖို့ တခြားဝေးလံတဲ့ နိုင်ငံကနေ တပ်ဖွဲ့တွေ ချထားဖို့ လက်ဖျားခါလောက်တဲ့စိတ်ကူးတွေ ထုတ်လာခဲ့တာ မဟုတ်ဘူးလား။ ဒ့်အပြင် ဒီ SAPs (အတ္တသမားတွေ) တွေက ဟေတီမှာ ဆယ်စုနှစ်တွေနဲ့ချီပြီး ရှိနေခဲ့ကြတာကိုလည်း သတိပြုမိဖို့ လိုတယ်နော်။ (သူတို့ကိုယ်တိုင်ရှိနေခဲ့တာတောင် ဘာမှမလုပ်နိုင်ခဲ့ဘူး ဆိုတဲ့သဘောပေါ့။)

### ဗလာကျင်းနေတဲ့အခန်းထဲမှာ စကားပြောကြလိမ့်ဦးမယ်

သူတို့တွေက စက်တင်ဘာလနှောင်းပိုင်းကျရင် ဗလာကျင်းနေတဲ့အခန်းထဲမှာ စကားပြောကြလိမ့်ဦးမယ်။ အဲဒီ "သံတမန်ကြီး" ကတော့ မြန်မာနဲ့ပတ်သက်တဲ့ တစ်ရက်တည်းလုပ်မယ့် စကားဝိုင်းပွဲအတွက် ပြင်ဆင်နေတာနဲ့ အလုပ်ရှုပ်နေတာ။ အခန်းထဲမှာ လူမရှိလည်း သူ့အတွက် အရေးမကြီးပါဘူးလေ။

ပုံမှန်ဆိုရင်တော့ နယူးယောက်မှာ စက်တင်ဘာလရဲ့ တတိယပတ်ရောက်ပြီဆိုရင် ကမ္ဘာတစ်ဝန်းက နာမည်ကြီးပုဂ္ဂိုလ်တွေ အကုန်လုံး ရောက်ရှိနေတဲ့အချိန်ပေါ့။ ဒါပေမဲ့ စက်တင်ဘာလကုန်ကျရင်ရော။ အဲဒီမှာ ဘယ်သူမှ ရှိတော့မှာမဟုတ်ဘူး။ ငွေကြေးအကျပ်အတည်းတွေ ရှိရှိ မရှိရှိ မြန်မာနဲ့ပတ်သက်တဲ့ ညီလာခံကိုတော့ မဖြစ်ဖြစ်အောင် ဆက်လုပ်ကြစို့။

ဒီလိုပွဲမျိုးတွေက စရိတ်ငြိမ်းအပျော်ခရီးထွက်ချင်သူတွေအတွက် အခွင့်အရေးလေ။ ပြီးတော့ အလုပ်ခန့်စာချုပ်တစ်ခု ထပ်ချုပ်နိုင်ဖို့အတွက်လည်း အကြောင်းပြချက်လေးပဲပေါ့။ တောင်ဘက်ပိုင်းက "အငယ်စား" တက္ကသိုလ်ကတော့ ခမ်းနားတဲ့ အဆင့်အတန်းနဲ့အညီ ခရီးစရိတ်နဲ့ တည်းခိုစရိတ်တွေပေးဖို့ ဘတ်ဂျက်မရှိဘူး။ တာဝန်ရှိသူအဖြစ် အဖွဲ့အစည်းက ကျခံပေးတဲ့ စရိတ်နဲ့ ခရီးသွားတုန်းမှာပဲ ကိုယ်ပိုင်စီးပွားရေးကိစ္စလေးပါ ရောသမမွှေ လုပ်ရှားရတာပေါ့။

❛ဘတ်ဂျက်အကျပ်အတည်းကြားထဲက ဒီအရာရှိတွေရနေတဲ့ မတန်တဆ အကျိုးခံစားခွင့်ကြီးတွေအကြောင်းကို မကြာသေးခင်က ထွက်ပေါ်လာတဲ့ ဆောင်းပါးတစ်ပုဒ်မှာ အသေးစိတ်ဖော်ပြထားတယ်။ ကမ္ဘာတစ်ဝန်းက လူတွေကတော့ ဒုက္ခပင်လယ်ဝေပြီး ဆင်းရဲဒုက္ခရောက်နေကြရတယ်။ နာရီလက်တံကလည်း သန်းခေါင်ယံကို ပိုပြီးနီးကပ်လာနေပြီ။ (အချိန်နည်းလာပြီ။ အခြေအနေဆိုးလာပြီဆိုတဲ့သဘော) ဒါပေမဲ့ ဒီတစ်ကိုယ်ကောင်းသမားတွေကတော့ ထည်ထည်ဝါဝါ စည်းစိမ်ခံပြီး စံစားလို့ကောင်းနေကြတုန်းပါ❜

မည်သည့်ပဋိပက္ခကိုမဆို ဖြေရှင်းမယ်ဆိုရင် ပါဝင်ပတ်သက်သူအားလုံး စားပွဲဝိုင်းမှာ ရှိနေဖို့လိုတယ်။ အထူးသဖြင့် အရေးအကြီးဆုံး ကာယကံရှင်က ပိုပြီးတော့ကို ရှိနေဖို့လိုတယ်။ ဒီကိုယ့်ကိုယ်ကိုယ်ပဲ အာရုံစိုက်နေတဲ့ ကိုယ်ကျိုးရှာသူတွေမှာ ဉာဏ်ရည်ဉာဏ်သွေး နည်းနည်းပါးပါးလေးပဲ ရှိဦးမယ်ဆိုရင် စက်တင်ဘာလကုန်မှာလုပ်မယ့် စကားဝိုင်းပွဲကို ဒီလိုမျိုး စီစဉ်မှာမဟုတ်ဘူး။ ဒါပေမဲ့ ဒီကိစ္စမှာတော့ အဓိက ကာယကံရှင်ကို လုံးဝလျစ်လျူရှုထားတယ်။ ဖိတ်လည်းမဖိတ်ဘူး၊ သူ့ရဲ့အမြင်သဘောထားတွေကိုလည်း မတောင်းခံကြဘူး။

သူတို့တွေကတော့ အနှစ်သာရမရှိတဲ့ ကွန်ဖရင့်တွေကို ဆက်လုပ်နေတုန်းပဲ။ လူမရှိတဲ့ အခန်းတွေထဲမှာ မိန့်ခွန်းတွေ ပြောနေကြတုန်းပဲ။ ခေါင်းထဲမှာ ဘာမှ ရှုမြင်တွေးခေါ်မှု သိပ်မရှိတဲ့လူတွေကို မြန်မာလို အခေါ်အဝေါ်တစ်ခုရှိတယ်။ သူတို့ကို "ဦးနှောက်ချောင်နေသူ" (ဒါမှမဟုတ် လူငယ်စကားနဲ့ပြောရရင် "ကျပ်မပြည့်သူ") တဲ့ဗျ။ နယူးယောက်နဲ့ ဂျီနီဗာက "ဆင်စွယ်နန်းတော်ကြီး" တွေထဲမှာ ဒီလိုလူစားတွေက အများကြီးပါ။ ။

❛မည်သည့်ပဋိပက္ခကိုမဆို ဖြေရှင်းမယ်ဆိုရင် ပါဝင်ပတ်သက်သူအားလုံး စားပွဲဝိုင်းမှာရှိနေဖို့လိုတယ်။ အထူးသဖြင့် အရေးအကြီးဆုံး ကာယကံရှင်က ပိုပြီးတော့ကိုရှိနေဖို့လိုတယ်။ ဒီကိုယ့်ကိုယ်ကိုယ်ပဲ အာရုံစိုက်နေတဲ့ ကိုယ်ကျိုးရှာသူတွေမှာ ဉာဏ်ရည်ဉာဏ်သွေး နည်းနည်းပါးပါးလေးပဲ ရှိဦးမယ်ဆိုရင် စက်တင်ဘာလကုန်မှာ လုပ်မယ့်စကားဝိုင်းပွဲကို ဒီလိုမျိုးစီစဉ်မှာမဟုတ်ဘူး။ ဒါပေမဲ့ ဒီကိစ္စမှာတော့ အဓိက ကာယကံရှင်ကို လုံးဝလျစ်လျူရှုထားတယ်။ ဖိတ်လည်းမဖိတ်ဘူး၊ သူ့ရဲ့အမြင်သဘောထားတွေကိုလည်း မတောင်းခံကြဘူး❜

(၁၁-၇-၂၀၂၅ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ Kyaw Myint Htoon (Paris)၏ Parliament of Misconduct ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။)

# ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

ယူရီးယား မြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင် များအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ဦးစီးဌာနများမှ ဦးဆောင်ကော်မတီ အဖွဲ့ဝင်များ၊ သွင်းအားစုကုမ္ပဏီများမှ တာဝန်ရှိ သူများ တက်ရောက်ကြသည်။



ဦးစွာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီးက ဦးဆောင်ကော်မတီအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဓာတ်မြေဩဇာတန်ချိန် ၁ ဒသမ ၆ သန်းနှင့် ပိုးသတ်ဆေးတန်ချိန် ၃၂၀၀၀ တင်သွင်း နိုင်ရေး လျာထားခဲ့ပြီး ဧပြီလမှ စက်တင်ဘာလအထိ ၆ လအတွက် မြေဩဇာတန်ချိန် ၉၃၉၆၆၂ ဒသမ ၄၃ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၁၉၅၁၅ ဒသမ ၇၆ တန်ကို ကုမ္ပဏီအလိုက် သွင်းကုန်လိုင်စင်ရရှိနိုင် ရေး ထောက်ခံပေးခဲ့ကြောင်း၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း သွင်းကုန်လိုင်စင် ရရှိရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကောက်ခွန်ဦးစီးဌာန၏ စာရင်းများအရ ၂၀၂၅ ခုနှစ် ဇွန်လကုန်အထိ မြေဩဇာတန်ချိန် ၄၃၈၇၀၅ ဒသမ ၇၀ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၉၈၄၀ ဒသမ ၅၀၅ တန် တင်သွင်းထားသည်ကို တွေ့ရှိရကြောင်း။

ပြောကြား

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် အညီ ပန်းတိုင်အထွက်နှုန်းရရှိရန် လိုအပ်သော သွင်းအားစုများကို တောင်သူများသုံးစွဲနိုင်ရေး၊ ဖြန့်ဖြူးပေးနိုင်ရေး၊ ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့ နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း အနေ ဖြင့် အဆိုပါဒေသများ၏လိုအပ်ချက်များကို ဖြန့်ဖြူး နိုင်ရေး ကြိုတင်စီစဉ်ထားရန် လိုအပ်ကြောင်း။

ကုမ္ပဏီများအနေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း တင်သွင်းရန် ကျန်ရှိမှုများကို အမြန်တင်သွင်းနိုင် ရေးတာဝန်ရှိသူများက ဝိုင်းဝန်းကြိုးကြပ်ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာ ပိုးသတ်ဆေး အမှတ်တံဆိပ်အလိုက်၊ ကုမ္ပဏီအလိုက် အရည်အသွေး၊ ဈေးနှုန်းတို့အပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုပေးရန် လိုအပ်ကြောင်း၊ ပြည်တွင်းသုံးစွဲသူတောင်သူများ အတွက် သင့်တင့်မျှတသော ဈေးနှုန်းဖြစ်စေရေး စီစဉ် ဆောင်ရွက်ပေးရမည်ဖြစ်၍ ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းကြိုးကြပ်ဆောင်ရွက်ပေးကြရန် ပြောကြား လိုကြောင်း။

မြေဩဇာအသင်းအနေဖြင့်လည်း အသင်းဝင် ကုမ္ပဏီများအား အသင်းကချမှတ်ထားသော "မူ" များ၊ ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများကို လိုက်နာ ဆောင်ရွက်ရန်နှင့် မလိုက်နာသည့်ကုမ္ပဏီများကို စိစစ်တင်ပြရန်၊ မှန်မှန်ကန်ကန်ဆောင်ရွက်နေသော ကုမ္ပဏီများအတွက် နစ်နာမှုမရှိစေရေး သေချာစိစစ် ဆောင်ရွက်ရန်၊ ကုမ္ပဏီများကလည်း သတ်မှတ်မူများ အတိုင်း လိုက်နာဆောင်ရွက်ရန်၊ လိုအပ်ချက်များ အပေါ် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက်ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က တောင်သူများ လက်ဝယ် သွင်းအားစုများ အချိန်မီရောက်ရှိရေး ဖြန့်ဖြူးရောင်းချပေးမည့် အစီအမံများကို လည်းကောင်း၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက သွင်းအားစုများ ပံ့ပိုးပေးမည့်အစီအမံများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဦးဆောင် ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများက လိုအပ်သည် များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုယ်စားလှယ်နှင့် ကော်မတီအဖွဲ့ဝင်ဦးစီးဌာနများ မှ ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးတင်ပြ ကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပွင့်ဖြူမြို့နယ်၌ မိုးစပါးမျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

ပွင့်ဖြူ ဇူလိုင် ၂၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာအုပ်စုရှိ တောင်သူ ဦးမြင့်လွင်၏လယ်မြေ၌ ယနေ့နံနက်ပိုင်းတွင် ကောက်စိုက် စက်ဖြင့်တွဲဖက်၍ 10 – Rows Seeder ဖြင့် မိုးစပါး မျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ပြုလုပ်ရာ မြို့နယ်စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ၊ ဌာနဆိုင်ရာများနှင့် ဒေသခံ တောင်သူများ တက်ရောက်သည်။

ယင်းကွင်းသရုပ်ပြပွဲတွင် ပွင့်ဖြူမြို့အမှတ်(၄၆)စက်မှုလယ်ယာ စခန်းမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းထွေးနှင့် ဝန်ထမ်းများက လယ်ကိုင်း ကျေးရွာအုပ်စု တောင်သူ ဦးမြင့်လွင်၏ ကွင်းအမှတ်(၉၇၇)ရှိ လယ်မြေ သုံးဧကတွင် ကောက်စိုက်စက်နှင့်တွဲဖက်၍ 10 – Rows Seeder ဖြင့် မိုးစပါးမျိုးစေ့ချစိုက်ပျိုးခြင်းကို တောင်သူပညာပေး စိုက်ပျိုးသရုပ်ပြ သရာ တက်ရောက်လာသူများက လေ့လာကြည့်ရှုကြသည်။

အဆိုပါ ကောက်စိုက်စက်နှင့်တွဲဖက်၍ 10 – Rows Seeder အသုံးပြုစိုက်ပျိုးခြင်းဖြင့် လယ်ယာလုပ်သားရှားပါးမှု အခက်အခဲများကို ကျော်လွှားနိုင်ခြင်း ၊ နည်းပညာမြင့်စက်ကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ခြင်း ၊ တစ်ဧကေ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ နည်း၍သီးနှံဝင်ငွေ အကျိုးအမြတ်ပိုမိုရရှိခြင်း၊ လယ်ယာသုံးစက်ကိရိယာ များကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာနိုင်ပြီး လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ လျင်မြန်စွာ ကူးပြောင်းလုပ်ကိုင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို တောင်သူများ သိရှိနားလည်ကာ တွင်ကျယ်စွာ အသုံးပြုလာနိုင်စေရန် ရည်ရွယ်၍ ကွင်းသရုပ်ပြ စိုက်ပျိုးဆောင်ရွက် ရခြင်းဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး( ပွင့်ဖြူမြေ )

# ဥတ္တရသီရိမြို့နယ်အတွင်းရှိ တောင်သူများအား မျိုးစေ့ချကိရိယာများပေးအပ်

နေပြည်တော် ဇူလိုင် ၂၁

ပြည်ထောင်စုနယ်မြေ နေပြည် တော် ဥတ္တရသီရိမြို့နယ် မင်းကုန်း ကျေးရွာအုပ်စုအတွင်းရှိတောင်သူ များအတွက် မျိုးစေ့ချကိရိယာ များပေးအပ်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် မင်းကုန်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။




ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက အမှာစကား ပြောကြားရာတွင် မိုး၊ ဆောင်း၊ နွေ ရာသီပြည့် သီးနှံများစိုက်ပျိုးနိုင် ရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးပြီး သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ သဘာဝမြေဩဇာကို တောင်သူ များကိုယ်တိုင်ပြုလုပ်သုံးစွဲစေရေး၊ လယ်ယာမြေများ အထွက်တိုးစေ ရေးနှင့် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက် ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်း စိုက်ပျိုးနိုင်ရေး၊ မျိုးစေ့ချ ကိရိယာ၊ ကောက်စိုက်စက်များဖြင့် ပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ သီးနှံ များ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများ နှင့်အညီ စနစ်တကျ စိုက်ပျိုး ဆောင်ရွက်နိုင်ရေးတို့ကို မှာကြား သည်။

ဆက်လက်၍ တက်ရောက်လာ သည့်တောင်သူများက စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ တင်ပြချက်များအပေါ် နေပြည်တော် ကောင်စီဝင်က လိုအပ်သည်များကို သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော် ကောင်စီဝင်က မျိုးစေ့ချကိရိယာ များ ပေးအပ်ရာ တောင်သူများ က လက်ခံရယူခဲ့ကြောင်း သိရ သည်။

အောင်မျိုးဝင်း(ဥတ္တရ)

# စစ်ကိုင်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးနိုင်ရေး သွင်းအားစုနှင့် မျိုးစေ့ချစက်ကိရိယာများ ပေးအပ်

စစ်ကိုင်း ဇူလိုင် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာ၌ ယနေ့တွင် ဆင်မင်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း



သမဝါယမအသင်းက မိုးစပါးစိုက်ပျိုးရေးစီမံကိန်းဆောင်ရွက်မည့် အသင်းသား တောင်သူများ၏ မိုးစပါးစိုက်ဧက ၁၅၀ အတွက် မြို့နယ် သမဝါယမဦးစီးဌာနက မြို့နယ်သမဝါယမအသင်းစု၏ပံ့ပိုးငွေဖြင့် GW–11 မျိုးစပါးတင်း ၁၅၀ နှင့် ယူရီးယားဓာတ်မြေဩဇာအိတ် ၃၀၀ ကို ပံ့ပိုးပေးသည်။

ထို့ပြင် မိုးစပါးများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရထောက်ပံ့ငွေ ဖြင့် ဆင်မင်းလယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းအား ယူရီးယားဓာတ်မြေဩဇာ ၇၅ အိတ်နှင့် ဒီဇယ်ဆီ ၃၇၅ ဂါလန်ကို ရောင်းချပေးပြီး အဆိုပါထောက်ပံ့ငွေမှ ငွေကျပ် ၁ ဒသမ ၆၈ သန်းတန်ဖိုးရှိ လက်ဆွဲမျိုးစေ့ချကိရိယာများကို မြို့နယ်သမဝါယမ ဦးစီးဌာနမှ အသင်းအမှုဆောင်နှင့် အသင်းသားများလက်ဝယ်သို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဓာတ်ရောင်ခြည်နည်းပညာသုံး ပစ္စည်းများ စနစ်တကျ သုံးစွဲနိုင်ရေး အသိပေးနှိုးဆော်ချက်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း အဏုမြူစွမ်းအင်အသုံးပြုမှုဖွံ့ဖြိုးတိုးတက်စေရန်၊ အဏုမြူစွမ်းအင်အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် လူနှင့်ပတ်ဝန်းကျင်တွင် အဏုမြူဖြာထွက်ရောင်ခြည် သက်ရောက်မှုကို ကာကွယ်ထိန်းသိမ်းရန်အတွက် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန်တို့အတွက် ရည်ရွယ်၍ အဏုမြူစွမ်းအင်ဥပဒေကို ၁၉၉၈ ခုနှစ်၊ ဇွန်လ(၈) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းထားပါသည်။

၂။ ယခုအခါ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း အဏုမြူစွမ်းအင်အသုံးချမှုများ တိုးပွားလာရာ အထူးသဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးစသည့် နယ်ပယ်များတွင် ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ နိုင်ငံအတွင်းရှိ အဏုမြူစွမ်းအင်အသုံးပြုမှုကို အဓိကအသုံးချနေသည့် လုပ်ငန်းနှင့်လုပ်ဆောင်မှုများသည် အဏုမြူစွမ်းအင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရသော်လည်း အချို့မှာ အဏုမြူစွမ်းအင်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိကြောင်း သတင်းပေးမှုများအရလည်း သိရှိရပါသည်။ ထိုသို့လိုက်နာဆောင်ရွက်မှုမရှိခြင်းသည် အများပြည်သူနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အန္တရာယ်ကင်းရှင်းရေးအတွက် စိုးရိမ်မကင်းမှုများဖြစ်ရပါသည်။

၃။ အဏုမြူစွမ်းအင်ဦးစီးဌာနအနေဖြင့် နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်းနှင့် ရောင်ခြည်ထုတ်ကိရိယာကို အသုံးပြုခြင်းဆိုင်ရာ အသိပေးနှိုးဆော်ချက်အား နိုင်ငံပိုင်နေ့စဉ်ထုတ် သတင်းစာများဖြစ်သော မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများမှနေ၍ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ(၁၆)ရက်နေ့နှင့် (၁၈)ရက်နေ့တို့တွင် လည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင်လည်းကောင်း အသိပေးနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၄။ ဆေးရုံ/ဆေးခန်းများနှင့် ကုမ္ပဏီများတွင် အသုံးပြုသည့် Dental၊ Bone Densitometer၊ Mammography၊ C-arm၊ X-ray machines၊ CT scanner၊ Angiography၊ Linear Accelerator၊ PET-CT၊ SPECT-CT၊ Cyclotron ကဲ့သို့သော ရောင်ခြည်ထုတ်ကိရိယာများနှင့်ရေဒီယိုသတ္တိကြွပစ္စည်းများကို အသုံးချရာတွင် အဏုမြူစွမ်းအင်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ တည်ဆဲအဏုမြူစွမ်းအင်ဥပဒေ၏ အခန်း(၁၂)၊ ပုဒ်မ (၂၉)၊ ပုဒ်မ(၃၀)၊ ပုဒ်မ(၃၁) နှင့် ပုဒ်မ(၃၂)တို့တွင် "မည်သူမျှ နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာကို ပြည်တွင်းသို့ တင်သွင်းရန်နှင့် ပြည်ပသို့တင်ပို့ရန် ကြိုတင်ခွင့်ပြုချက်၊ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့် လိုင်စင်မရှိဘဲတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဌာနမှ ဆက်လက်သုံးစွဲရန်မသင့်ဟု သတ်မှတ်ထားသည်ကို ဆက်လက်၍ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ" ဟု တားမြစ်ပြဋ္ဌာန်းထားပါသည်။

၆။ အဆိုပါတားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက မည်သူမဆို ပုဒ်မ (၃၀,၃၁,၃၂,၃၃,၃၄) များအရ ထောင်ဒဏ် ၃ နှစ်မှ ၇နှစ်အထိ ထောင်ဒဏ်ကိုဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟူ၍ ပြစ်ဒဏ်များကို အတိအလင်း ဖော်ပြပြဋ္ဌာန်းထားပါသည်။

၇။ သို့ဖြစ်ပါ၍ အဏုမြူစွမ်းအင်ကို အသုံးချနေသည့်လုပ်ငန်းနှင့် လုပ်ဆောင်မှုများကို ဆောင်ရွက်နေသူများအနေဖြင့် အဏုမြူစွမ်းအင်ဥပဒေနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ကြပါရန်နှင့် နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာကို ပြည်တွင်းသို့တင်သွင်းပြီး မှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်မရှိသေးဘဲ လက်ဝယ်ထားရှိအသုံးပြုနေသူများနှင့် သက်တမ်းကုန်လိုင်စင်များ ကိုင်ဆောင်လုပ်ကိုင်နေကြသူများအနေဖြင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ ဓာတ်ရောင်ခြည်နှင့်နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဌာန၊ အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်သို့ အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ကြပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ဓာတ်ရောင်ခြည်နှင့် နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဌာနသို့ လူကိုယ်တိုင်သွားရောက်၍သော်လည်းကောင်း၊ ဖုန်း(၀၁-၅၄၆၂၆၁၊၀၁-၅၄၅၀၆၈၊ ၀၆၇-၄၀၄၄၆၀)သို့လည်းကောင်း၊ e-mail (rpdaenatmauk@gmail.com) သို့လည်းကောင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**အဏုမြူစွမ်းအင်ဦးစီးဌာန**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**နေပြည်တော်**

## ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိက အဆောက်အအုံများ ဘက်စုံ ပြန်လည်ပြုပြင်နေမှု၊ စစ်ကိုင်းမြို့ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုနှင့် ဘက်စုံပြန်လည်ပြုပြင်နေမှု၊ နှစ်(၇၀၀)ပြည့် အားကစားခန်းမ၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေအိမ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ပေးအပ်သည့် ထောက်ပံ့ငွေများ ပေးအပ်နေမှုကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် အနီးစခန်း သာမဏေကျော် ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါစာသင်တိုက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ယောဂီများအား တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှဆေးကုသရေးအဖွဲ့တို့ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ နန်းမြို့ရိုး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျုံးအနောက်ဘက်ရှိ စည်းရှည်တံခါးအား ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံနေမှု၊ မြို့ရိုးအတွင်းဘက်ရှိ လှေကားများအား ပြန်လည်ပြုပြင်ရန် ဆောင်ရွက်ထားရှိမှု၊ အောင်မြေသာစံမြို့နယ် အနိပ်တော်ရပ်ကွက်ရှိ Sky Villa နေရာ၌ အပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှု၊ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်နှင့် အောင်မြေသာစံမြို့နယ် အနိပ်တော်ရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံများအား စက်ယန္တရားကြီးများအသုံးပြု၍ ရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## သမဝါယမအသင်းသား တောင်သူများအား ရောပဒေသာမျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်

**ကျောက်ဆည် ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနမှ ငါးလုံကုန်းကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသား တောင်သူများအား လူမှုစီးပွားမြှင့်တင်ရေး စီမံကိန်းရန်ပုံငွေ (သက်တံ့ရောင် သမဝါယမဖွံ့ဖြိုးရေးစီမံကိန်း) ဖြင့် မျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးက တောင်သူများ လူမှုစီးပွားဘဝ မြင့်မားရေးအတွက် မျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ကျောက်ဆည်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းအောင်က ငါးလုံကုန်းကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသား တောင်သူ ၄၁ ဦး၏ စပါးစိုက်ဧက ၁၀၉ ဧကအတွက် တစ်ဧက ငွေကျပ် ၃၀၄၀၀၀ နှင့် ညီမျှသော ရောပဒေသာစပါးမျိုးနှင့် သွင်းအားစုများပေးအပ်သွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက တောင်သူများအား ရောပဒေသာစပါးမျိုး၊ ရုရှားရွက်ဖျန်းဆေး၊ စမ်းဝတီသာဝမြေဩဇာ၊ ဖူးဝေကွန်ပေါင်းမြေဩဇာ၊ ယူရီးယားပုလဲမြေဩဇာနှင့် ဇာမနီကွန်ပေါင်းမြေဩဇာသွင်းအားစုများကို တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၅၂ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၂၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့်ကျောက်ခတ် နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၃၆ ဦး၊ တရုတ်နိုင်ငံသား ၁၁ ဦး၊ ဖိလစ်ပိုင်နိုင်ငံသားတစ်ဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ မလေးရှားနိုင်ငံသားတစ်ဦး၊ သီရိလင်္ကာနိုင်ငံသားတစ်ဦးနှင့် ကင်ညာနိုင်ငံသားတစ်ဦး စုစုပေါင်း ၅၂ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

## ဖြည့်စွက်မှာကြား

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၂၉၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၀၅၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၄၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ အရာထမ်းလောင်း(အထူး)သင်တန်း ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၂၁

အရာထမ်းလောင်း (အထူး) သင်တန်း အမှတ်စဉ်(၁၄)၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ခ ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ကိုယ်စားအဖွဲ့ဝင် ဦးစိုးတင့်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့်သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင်ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ကိုယ်စားအဖွဲ့ဝင် ဦးစိုးတင့်က အမှာစကားပြောကြားရာတွင် သင်တန်းသားသင်တန်းသူများအနေဖြင့် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာကြရန် လိုအပ်ပြီး ဘဝတစ်လျှောက် စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းအတွက် အားထားရသော အရာထမ်းများဖြစ်လာစေရန် စဉ်ဆက်မပြတ် ကြိုးပမ်း ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အရာထမ်းလောင်း (အထူး) သင်တန်းသို့ သင်တန်းသား ၈၉ ဦး၊ သင်တန်းသူ ၁၂၂ ဦး စုစုပေါင်း ၂၁၁ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင် ၂၁ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ထို့နောက် မိုးရာသီငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ ရေနေ‌ာက်အင်းကန်အတွင်းသို့ ငါးမျိုးများ ဦးဆောင် စိုက်ထည့်ပေးပြီး ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် သင်တန်းသား သင်တန်းသူများကလည်း ငါးမျိုးများ စိုက်ထည့်ကြသည်။

ယနေ့တွင် ငါးမြစ်ချင်းငါးသား ပေါက်ကောင်ရေ ၂၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြင်ဦးလွင်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

ပြင်ဦးလွင် ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဆင်လမ်းအခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြူကြူက လူကုန်ကူးမှုအန္တရာယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက နိုင်ငံလှဖို့ စာဖတ်စို့ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးသည်။ ထို့နောက် ဟောပြောဆွေးနွေးချက်များကို ကျောင်းသားကျောင်းသူများအားမေးမြန်းရာ ကျောင်းသား ကျောင်းသူများက မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြပြီး မေးမြန်းချက်များ ပြန်လည်ဖြေကြားပေးသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မော်လမြိုင်)သို့ ဆန်နှင့် ကြက်သွန်နီများ ပေးအပ်လှူဒါန်း



မော်လမြိုင် ဇူလိုင် ၂၁

မွန်ပြည်နယ် မုဒုံမြို့နယ် သမဝါယမအသင်းစုလီမိတက်က သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မော်လမြိုင်)ရှိ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် ပထမနှစ်နှင့် ဒုတိယနှစ်တွင် သင်ကြားနေသော သင်တန်းသား သင်တန်းသူများအတွက် ဆန်နှင့် ကြက်သွန်နီများကို ယနေ့နံနက်ပိုင်းက မုဒုံမြို့နယ် သမဝါယမအသင်းစုလီမိတက်ရုံးခန်းမ၌ ပေးအပ်လှူဒါန်းသည်။

ထိုသို့ပေးအပ်လှူဒါန်းရာ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မော်လမြိုင်)ရှိ သင်တန်းသား သင်တန်းသူများအား ဆန်ငါးအိတ်နှင့် ကြက်သွန်နီ ၁၀ ပိဿာတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇူလိုင် ၂၁

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း"ဝီဖာ"(WIPHA)သည် အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဇူလိုင် ၂၂ ရက်တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ဇူလိုင် ၂၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၅ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ကုန်သွယ်ခွန်စည်းကြပ်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးရန် ဂျပန်တာဝန်ရှိသူ အမေရိကန်သို့ ထွက်ခွာ



ဂျပန်နိုင်ငံ စီးပွားရေးပြန်လည်ရှင်သန်ရေးဝန်ကြီး အာကာဇါဝါအာယိုဆေ။

တိုကျို ဇူလိုင် ၂၁

ကုန်သွယ်ခွန်စည်းကြပ်ခြင်းနှင့် ပတ်သက်၍ အမေရိကန်တာဝန်ရှိသူများနှင့် ဆွေးနွေးရန် ဂျပန်နိုင်ငံ စီးပွားရေးပြန်လည်ရှင်သန်ရေးဝန်ကြီး အာကာဇါဝါအာယိုဆေသည် ဝါရှင်တန်သို့ ဇူလိုင် ၂၁ ရက်က ထွက်ခွာခဲ့ကြောင်း သိရသည်။

အမေရိကန်က ဂျပန်နိုင်ငံမှ သွင်းကုန်များကို ဩဂုတ် ၁ ရက်မှစတင်၍ ၂၅ ရာခိုင်နှုန်း အခွန်ကောက်ခံရေး ဆောင်ရွက်နေသည်။ အမေရိကန်နှင့် ဂျပန်တို့အနေဖြင့် မိမိတို့နိုင်ငံများ၏ အမျိုးသား အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သဖြင့် ယခုဆွေးနွေးပွဲသည် အကြိတ်အနယ်ရှိမည်ဖြစ်သည်ဟု ၎င်းက အမေရိကန်သို့ မထွက်ခွာမီ ပြောကြားသည်။ မိမိအနေဖြင့် ဆွေးနွေးမှုများမှနေ၍ နှစ်ဖက်အကြား ဘုံသဘောတူညီချက်တစ်ရပ်ရရှိမည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

**တွေ့ဆုံဆွေးနွေးမည်**

၎င်း၏ ခရီးစဉ်အတွင်း အမေရိကန်ကုန်သွယ်ရေးဝန်ကြီး ဟောင်းဝပ်လတ်နစ်၊ ဘဏ္ဍာရေးဝန်ကြီး စကော့ဗင်ဆန်နှင့် ကုန်သွယ်ရေးကိုယ်စားလှယ် ဂျေမီဆင်ဂရီယာတို့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ လက်ရှိအချိန်တွင် အမေရိကန်သည် ဂျပန်ဘက်မှ အဆိုပြုထားသည့် ဂျပန်နိုင်ငံက အမေရိကန်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ အများအပြားဆောင်ရွက်ရန်နှင့် အမေရိကန်ထုတ်ကုန်များကို ဂျပန်နိုင်ငံသို့တင်ပို့ကာ အမေရိကန်နှင့်ဂျပန်အကြား ကုန်သွယ်မှုလိုငွေပြခြင်းကို လျှော့ချရေးဆိုသည့်အချက်ကို ပြန်လည်စဉ်းစားသုံးသပ်နေကြောင်း သိရသည်။

ဆွေးနွေးပွဲအတွင်း မိမိတို့နှစ်နိုင်ငံစလုံးအတွက် အကျိုးရှိစေမည့် သဘောတူညီချက်တစ်ရပ် ရရှိမည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၌ ကျေးလက်သမဝါယမအသင်းများ လုပ်ငန်းစတင်ဆောင်ရွက်

ဂျကာတာ ဇူလိုင် ၂၁

အင်ဒိုနီးရှားနိုင်ငံ၌ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ကျေးလက်သမဝါယမအသင်း ၈၀၀၀၀ ကျော်ကို ဇူလိုင် ၂၁ ရက်မှ စတင်၍ အစိုးရက လုပ်ငန်းစတင်ဆောင်ရွက်စေခဲ့ကြောင်း သိရသည်။

နိုင်ငံအလယ်ပိုင်း ဂျာဗားပြည်နယ် ကလာတန်ဒေသတွင် ကျင်းပသည့် ကျေးလက်သမဝါယမအသင်းများ လုပ်ငန်းစတင်ဆောင်ရွက်သည့် အခမ်းအနားသို့ သမ္မတပရာဘိုဝို ဆူဘီရန်တို တက်ရောက်ခဲ့သည်။

ကျေးရွာသမဝါယမအသင်းစနစ်သည် ကြီးမားကျယ်ပြန့်သည့် မဟာဗျူဟာမြောက် လုပ်ငန်းတစ်ရပ်ဖြစ်ကာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ရန် ကျေးရွာအဆင့်မှစတင်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် သမဝါယမအသင်းတစ်ခုတည်း သီးခြားရပ်တည်ပါက အားနည်းမည်ဖြစ်သော်လည်း သမဝါယမအရေအတွက် ရာပေါင်းများစွာ စုစည်းလိုက်ပါက နိုင်ငံစီးပွားရေးအတွက် အင်အားတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း ပရာဘိုဝိုက မှတ်ချက်ပြုပြောကြားသည်။

အင်ဒိုနီးရှားအစိုးရသည် နိုင်ငံတွင် သမဝါယမစနစ် ခေတ်မီဖွံ့ဖြိုးစေရေး ဆောင်ရွက်နေပြီး ဒေသန္တရ စီးပွားရေးကဏ္ဍများ အားကောင်းစေရေး ဆောင်ရွက်နေသည်။ သမဝါယမအသင်းများမှနေ၍ လူသုံးကုန်ပစ္စည်းများကို နိုင်ငံသားများ လက်လှမ်းမီသည့်ဈေးနှုန်းများဖြင့် ရောင်းချမည်ဖြစ်ကာ ကျေးလက်ဒေသ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည်ဟု သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



# သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ ပူးပေါင်းလေ့ကျင့်ရေး ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ် တပ်မတော်ကိုယ်စားလှယ်အဖွဲ့များ ဆွေးနွေး

ဗီယင်ကျန်း ဇူလိုင် ၂၁

ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တပ်မတော်ကိုယ်စားလှယ်အဖွဲ့များသည် လာအိုနိုင်ငံ မြို့တော် ဗီယင်ကျန်းတွင် သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ ပူးပေါင်းလေ့ကျင့်ရေးအတွက် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယင်းလေ့ကျင့်ခန်းသည် သဘာဝဘေးကျရောက်သည့် အချိန်တွင် ရှာဖွေကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း လာအိုပြည်သူ့တပ်မတော်သတင်းဌာနက ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

**ဆွေးနွေး**

ဆွေးနွေးပွဲအတွင်း သဘာဝဘေးဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်း အစီအစဉ်များ၊ ပူးပေါင်းဆောင်ရွက်ရေးမဟာဗျူဟာများနှင့် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဖြူးခြင်းအပါအဝင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်စပ်ဖြတ်ကျော်ခရီးသွားလာခြင်း၊ လေ့ကျင့်ရေး အစီအစဉ်များနှင့် တပ်ဖွဲ့ဝင်များ နေရာချထားတာဝန်ပေးအပ်ခြင်းဆိုင်ရာ အစီအစဉ်များကို တာဝန်ရှိသူများအကြား ဆွေးနွေးကြသည်။

ယခုကဲ့သို့ လေ့ကျင့်ရေးများဆောင်ရွက်ခြင်းဖြင့် တပ်မတော်များအကြား ညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဆွေဖြစ်မှုများ မြှင့်တင်နိုင်မည်ဖြစ်ပြီး ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အကူအညီပေးမည်ဟု သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# အင်ဒိုနီးရှားနိုင်ငံ၌ ငလျင်ဒဏ်ခံအဆောက်အအုံ တည်ဆောက်မှုပုံစံ ဒီဇိုင်းသစ်တစ်ခု စတင်ဆောင်ရွက်

ဂျကာတာ ဇူလိုင် ၂၁

အင်ဒိုနီးရှားနိုင်ငံ၌ ငလျင်ဘေးအန္တရာယ်လျှော့ချရေးအတွက် ငလျင်ဒဏ်ခံအဆောက်အအုံတည်ဆောက်မှုပုံစံ ဒီဇိုင်းအသစ်တစ်ခုကို အင်ဒိုနီးရှား မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပအေဂျင်စီက စတင်မိတ်ဆက်ပြသခဲ့ကြောင်း ယင်းအေဂျင်စီအကြီးအကဲ ဒီဝီကိုရီတာ ကာနာဝါတီက ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

နိုင်ငံအတွင်း အဆိုပါ နည်းပညာကို ပထမဆုံးအကြိမ်အဖြစ် စတင်ဆောင်ရွက်ခြင်းဖြစ်သည်။ ခေတ်မီ ငလျင်ဒဏ်ခံနည်းပညာဖြင့် အဆောက်အအုံများကို တည်ဆောက်မည်ဖြစ်ကာ ယင်းနည်းပညာဖြင့်တည်ဆောက်သည့် အဆောက်အအုံများသည် ပြင်းအား ၈ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုများကို ခံနိုင်ရည်ရှိမည်ဖြစ်သည်။

ယင်းနည်းပညာဖြင့်တည်ဆောက်မည့် အထပ်မြင့်အဆောက်အအုံများသည် ငလျင်ကြီးများလှုပ်ခတ်ချိန်တွင် ခိုင်ခံ့တည်ငြိမ်နေမည်ဖြစ်ပြီး နိုင်ငံအတွင်း ငလျင်ဒဏ်သင့်ဒေသများရှိ အခြေခံအဆောက်အအုံများ တည်တံ့ရေးအတွက် ယခုနည်းပညာက အကူအညီပေးမည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ အသက်ငါးနှစ်အောက် ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

ကဘူးလ် ဇူလိုင် ၂၁

အာဖဂန်နစ္စတန်နိုင်ငံ၌ အသက်ငါးနှစ်အောက် ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဇူလိုင် ၂၁ ရက်မှ ၂၄ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း အာဖဂန်နစ္စတန် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ပြည်နယ် ၁၉ ခုရှိ ကလေးများအား ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးမည်ဟု အဆိုပါ ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရှာရာဖတ်ဇေမန်အမန်ခိုင်က ပြောကြားသည်။



**ကြိုးပမ်းဆောင်ရွက်**

ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရာတွင် တာဝန်ရှိသူများနှင့် မိဘများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ၎င်းက ပန်ကြားခဲ့သည်။ နိုင်ငံအတွင်း ပိုလီယိုရောဂါမပြန့်ပွားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် ပန်ချီဟတ်ရွာအနီး ကျိုင်းတုံ-တာချီလိတ် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၇၅၀၀၀) ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် နာတလိကျေးရွာအနီး တာချီလိတ်-မိုင်းဆတ် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၁၅၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၁၉၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ဘုရားလေးကျေးရွာ ZTH ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၅၂၇၂၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၂၇၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၂၁၈ တန်၊ အခြားသစ် သုည ဒသမ ၁၄၆ တန်နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Dayan ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၉၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂၁ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၈၆၈ တန်၊ အခြားသစ် ၃၂ ဒသမ ၆၁၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၈၅၉၁၁၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၂၈၁ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၇၄၂၄၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ဘုရားကြီးမြို့ ဘုရားလေးကျေးရွာ ZTH ဆီဆိုင်အနီး၌ သိမ်းဆည်းရမိမှု။

ဇူလိုင် ၂၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ကိုးစီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၃၇ စီးကို သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေ ၁၆၇၂၃၀၅၁၈ ကျပ်ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“နိုင်ငံတကာသို့ သံတမန်ခြေလှမ်းသစ်”** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“NUG၊ PDF တို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရွံရှာမုန်းတီးပြီး အမြင်မှန်တွေနဲ့အတူ အဆက်မပြတ်အလင်းဝင်လာကြတဲ့ PDF လူငယ်များ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဇူလိုင် ၂၁**

ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၄ မိနစ် ၄၄ စက္ကန့်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၅၂ မိုင်ခန့်အကွာ၊ မြန်မာနိုင်ငံ ပြည်တွင်း (မိုင်းခတ်မြို့၏ အနောက်ဘက် ၃၄ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၇၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒသမ ၉၃ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်) တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

☆ **ကျောဖုံးမှ**

မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ထက်လင်း၊ အမှုဆောင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) သင်တန်းသား သင်တန်းသူများနှင့် မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုကို အင်ဒိုနီးရှားနိုင်ငံမှ Team Vitalityအသင်း၊ ဒုတိယဆုကို အမေရိကန်နိုင်ငံမှ Gaimin Gladiators အသင်း၊ တတိယဆုကို မြန်မာနိုင်ငံမှ Terror Queens အသင်းတို့က ရရှိခဲ့ကြသည်။

ယနေ့ပြန်လည်ရောက်ရှိလာသည့် မြန်မာအမျိုးသမီး Esports အဖွဲ့သည် ကမ္ဘာ့အဆင့်ပြိုင်ပွဲ MLBB Women Invitational 2025 (MWI 2025) တွင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ အသင်းပေါင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ အသင်းအုပ်ချုပ်သူ တစ်ဦး၊ အထွေထွေမန်နေဂျာ တစ်ဦး၊ အသင်းမန်နေဂျာ တစ်ဦး၊ နည်းပြ တစ်ဦး၊ ကစားသမားငါးဦး၊ အရန်ကစားသမား တစ်ဦး စုစုပေါင်း ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာအသင်းအနေဖြင့် Mobile Legends ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် တတိယ ကြေးတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့သည်။

မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်၏ အဖွဲ့ဝင်အသင်းဖြစ်သော တတိယဆုရရှိခဲ့သည့် Terror Queens အသင်းသည် Montoon Mobile Legends မှ (ဇွန် ၁၀ ရက်မှ ၁၅ ရက်အထိ) ကျင်းပခဲ့သော “MWI 2025 Myanmar Qualifier ပြိုင်ပွဲ Mobile Legends ကစားနည်းတွင် Champion အဖြစ် အနိုင်ရရှိခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံတွင် (ဇူလိုင် ၁၅ ရက်မှ ၁၉ ရက်အထိ) ကျင်းပမည့် Esports World Cup MLBB Women Invitational 2025 (MWI 2025) သို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၇-၂၀၂၅ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ လူထုသိပွဲကျမ်းများ လှူဒါန်းမှုမှသည် စာပတ်ရှိန်မြှင့်တင်ရေးသို့
- ၀၉:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၃၅ မြန်မာ့ပုလဲရတနာတို့၏မွေးရပ်မြေပုလဲကျွန်းဆီ
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ ‘မုသားနောက်ကွယ်’ (အပိုင်း-၂၀)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဇာတ်လမ်းတွဲ ‘ထာဝရပန္နလေး’ အပိုင်း (၃၅+၃၆)
- ၁၅:၃၀ Weekly MNL Review
- ၁၆:၄၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၁၀ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- ၁၇:၃၅ လှပကောင်းမွန်သောနယ်စပ်ခရီး (အပိုင်း-၃)
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘တော်ဝင်စားဖွဲ့’ (အပိုင်း-၃၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘မုန်တိုင်းတစ်ခုရဲ့နိဂုံး’ (အပိုင်း-၅)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:02 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay
- 07:08 Shwedagon Buddha Museum
- 07:42 Clay Art On Canvas: Ricky Zachariah
- 08:01 News
- 08:26 Topics Potpourri; Drought-Resistant 'Jaspe' Rice Offers Sustainable Hope for Chile and Beyond
- 08:32 Faith & Worship (Part-1)
- 08:52 New Destination for Sea Lovers
- 09:17 New Postage Stamp; Golden Birdwing Butterfly
- 09:27 Secret Recipes by Gourmet Chefs (Thai)
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၅ တိုင်းရင်းသားသီချင်း၊ အက(ကရင်)
- ၀၇:၀၅ မြန်မာသံစဉ်တေးများ
- ၀၇:၃၀ မြန်မာဇာတ်လမ်းတွဲ ‘ထာဝရပန္နလေး’ အပိုင်း (၃၅)(၃၆)
- ၀၈:၅၀ K Pop Music Gallery(26)
- ၀၉:၁၀ ဟိုတုန်းက...ရေဒီယိုဇာတ်လမ်းများ ‘ညို့’
- ၁၀:၀၅ မြန်မာ့ရုပ်ရှင်(ဆေးရောင်စုံ) ‘ရှုပ်ဖိုး’
- ၁၇:၅၀ မြန်မာဇာတ်လမ်းတွဲ ‘ထာဝရပန္နလေး’ အပိုင်း (၃၇)(၃၈)
- ၁၉:၁၅ AFF U-23 Championship အမျိုးသားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု မြန်မာအမျိုးသားလက်ရွေးစင်အသင်းနှင့် ထိုင်းလက်ရွေးစင်အသင်း

### MRTV NRC

- **ကယား (၀၈:၀၀ မှ ၁၀:၀၀)** မြင်တွေ့စေချင်ကယားတို့ဌာနေ
- **ပအိုဝ်း (၁၀:၀၀ မှ ၁၁:၀၀)** ထူးဆန်းပွဲရှာလေ့ရိုးရာ
- **အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)** သာယာလှပသဲဖြူကျွန်းအလှ
- **အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)** ရေကညွှတ်ဟင်း
- **ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)** သင်မယ်၊ ရေးမယ်တို့ ‘ချင်း’ စာ(အပိုင်း-၃၄)
- **ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)** ချင်းသီချင်းကြီး(အပိုင်း-၁)
- **မွန် (၁၅:၀၀ မှ ၁၇:၀၀)** အပန်းဖြေကြမည့်သဘာဝကျောက်ပန်းချီကမ်းခြေဆီ
- **ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၁၀)
- **ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)** ဝါးနီးခမောက်ပြုလုပ်နည်း
- **ဝ (၂၁:၀၀ မှ ၂၃:၀၀)** ဟင်းနုနွယ်နှင့်ကျန်းမာရေး
- **ကချင် (၀၆:၀၀ မှ ၀၈:၀၀)** အဆာပြေမုန့်လုပ်နည်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၉:၁၅ ယူရှူးစီးရီး (အပိုင်း-၆)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်း သိကောင်းစရာများ ‘ရုရှားနိုင်ငံ’
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘လူချင်းအတူတူ’
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်း သိကောင်းစရာများ
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း ‘ထိုင်းနိုင်ငံ’
- ၁၁:၀၀ ရွှေသို့ချိုမည်ပန်းတိုင်ဆီ (အပိုင်း-၉၅)
- ၁၉:၃၀ AFF U-23 Championship အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်ယှဉ်ပြိုင်မှုအား တိုက်ရိုက်(LIVE)ထုတ်လွှင့်မှုအစီအစဉ်

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ တန်ဖိုးရှိသော မြန်မာ့ထုတ်ကုန်များဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၁၀ AGRICULTURE IN INDIA
- ၁၈:၃၅ Refreshing Taste of Mushrooms with Red Cup and White Stem
- ၂၀:၀၀ ရှယ်လီကေသာ(ဇာတ်လမ်း)
- ၂၂:၀၀ Haunted Mansion (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၂၅ Market Redforce
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ Black.Ice

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# စာပေထဲက အတွေးအမြင်

**ဖုန်းဘက်ထရီအားသွင်းခိုက် စားပွဲပေါ်ရှိ ဖတ်လက်စ စာအုပ်တစ်အုပ်ကို လှမ်းယူမိသည်။ စာအုပ်တစ်အုပ်ကို ငယ်စဉ်ကလို နှစ်နှစ်ခြိုက်ခြိုက်၊ အားရပါးရ တစ်ထိုင်တည်း အစအဆုံး မဖတ်ဖြစ်ခဲ့သည်မှာ ကြာခဲ့ပြီကော။ ဟိုတစ်စ ဒီတစ်စ၊ တို့တိတို့တိ ဖတ်လိုက်၊ ချထားလိုက်၊ ဖုန်းလေးပြေးပွတ်လိုက်နှင့် သံသရာလည်နေတော့သည်။**

**စာဖတ်ပရိသတ်တစ်ဦး**

**❝စိတ်နောက်ကိုယ်ပါ ပြောခြင်း၊ ပြုခြင်းများကြောင့် မလိုလားအပ်သော ဆိုးကျိုးများ ပေါ်ပေါက်တတ်ပေရာ တစ်စုံတစ်ခု တွေးကြံပြောဆိုပြုလုပ်တော့မည်ဆိုပါက နှုတ်က စကားတစ်ခွန်းမထွက်မီ၊ ကိုယ်က တစ်စုံတစ်ရာ မပြုမူမီ၊ ပြောအံ့ ပြုအံ့ဆဲဆဲ အခိုက်အတန့်ကလေးတစ်ခု၌ ဒုတိယအတွေးကို ရုတ်ခြည်းဖော်ထုတ်ဖို့ လိုအပ်သည်။ ယခုနှုတ်က ထွက်တော့မည့်စကားသည် ပြောအပ်၊ မပြောအပ်။ ပြောလိုက်လျှင် အကျိုးရှိမလား၊ အကျိုးပျက်မလား စသည်ဖြင့် ဒုတိယအတွေး၏ လျှပ်တစ်ပြက်ဆန်းစစ်ခြင်းကို ခံယူဖို့လိုအပ်သည်။ ဒုတိယအတွေးသည် စင်စစ်အားဖြင့် ဆင်ခြင်တုံတရားပင်ဖြစ်၏။**

**လူရေးလူမှုနယ်ပယ်အသီးသီးတွင် အကြောင်းကိစ္စအလုံးစုံနှင့်စပ်လျဉ်း၍ တွေး၊ ကြံ၊ ပြောဆို၊ ပြုမူကြရာ၌ ဒုတိယအတွေးကို ဖြတ်သန်းပြီးမှ ဆောင်ရွက်ကြလျှင် ဆင်ခြင်တုံတရားထွန်းကား၍ ဗြဟ္မစိုရ်တရားပြန့်ပွားစည်ပင်သော လောကချမ်းသာကြီးကို မျက်မှောက်ပြုကြရပေလိမ့်မည်❞**

ကြီးကြီး၊ ငယ်ငယ်၊ အရွယ်မရွေး၊ လူတန်းစားမရွေး တစ်ခေတ်တစ်ခါက စာရေးဆရာ၊ သတင်းစာဆရာကြီး ဦးသိန်းဖေမြင့်၏ "ခေတ်မီသူတိုင်း ပင်လယ်ငါးစားကြသည်" ဟူသော ကြော်ငြာကဲ့သို့ပင် ခေတ်မီသူတိုင်း ဖုန်းပွတ်ကြသည်။ ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး စသည်ဖြင့် ကဏ္ဍအစုံအလင်ကို မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်း လေ့လာသိရှိနိုင်သဖြင့် ယနေ့လူမှုလောကတွင် အင်တာနက်စမတ်ဖုန်းများက မရှိမဖြစ်ပစ္စည်းတစ်ခုလို ဖြစ်လာသည်။

တစ်ခုကောင်းသော်လည်း တစ်ခုကားမကောင်း၊ လူတွေစာပေဖတ်ရှုလေ့လာမှု အားနည်းလာကြသည်။ စာဖတ်ဝါသနာရှင် ကျွန်တော်သည်ပင်လျှင် စာဖတ်အား အတော်လျော့ပါးသွားခဲ့သည်။ တစ်ခုတော့ရှိသည်။ အွန်လိုင်းပေါ်တွင် စာရေးဆရာအသီးသီး၏ စာအုပ်စာပေများကို ဒေါင်းလေ့ဆွဲကာ အလွယ်တကူဖတ်ရှုလေ့လာ၍ ရနေသားပဲဟု အချို့က ဆိုကောင်းဆိုလိမ့်မည်။

တစ်ခါတစ်ရံတော့ ဖတ်ဖြစ်သည်။ သို့တစေ ငယ်စဉ်ကတည်းက ရပ်ကွက်စာအုပ်အငှားဆိုင်ယဉ်ကျေးမှုနှင့် ရင်းနှီးကျွမ်းဝင်လာခဲ့သည့် မျိုးဆက်တစ်ဆက်ပီပီ စာအုပ်တစ်အုပ်ကို လက်ဖြင့်ကိုင်၍ လှန်လှောဖတ်ရှုရသည့် အရသာလောက်မကောင်း၊ စွဲမက်ဖွယ်မရှိ။ ကျန်းမာရေးအရလည်း ထူထဲသော စာအုပ်တစ်အုပ်မှ စာအရှည်ကြီးများကို ဖတ်ရှုခြင်းဖြင့် ကြာလျှင်မျက်လုံးကို ထိခိုက်နိုင်သည့် အန္တရာယ်လည်းရှိသည်။

သို့ကြောင့်မို့ စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် စာအုပ်စာပေဖတ်ရှုလေ့လာခြင်း အလေ့အထသည် ယနေ့တိုင်ကမ္ဘာပေါ်တွင် ဆက်လက်တည်ရှိနေခြင်း ဖြစ်ပေလိမ့်မည်။ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးများ၌ပင်လျှင် စာအုပ်စာပေနှင့်မကင်းနိုင်ကြပေ။ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ၊ နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ စွန့်ဦးတီထွင်သူများ၊ အတွေးအမြင်နှင့် ဗဟုသုတရှာမှီးလိုသူများ၊ တိုးတက်သော အမြင်ရှိသူများအားလုံး စာအုပ်စာပေများကို လေ့လာဖတ်ရှုခဲ့ကြသည်။ ဖတ်ရှုနေဆဲဖြစ်သည်။

### စာအလွန်ဖတ်သူတစ်ဦးအဖြစ် ထင်ရှား

၄၄ ဦးမြောက် အမေရိကန်သမ္မတဖြစ်ခဲ့သူ ဘားရက်အိုဘားမားဆိုလျှင် စာအလွန်ဖတ်သူတစ်ဦးအဖြစ် ထင်ရှားသည်။ စာဖတ်နာ၍လည်း အတွေးသစ် အမြင်သစ်များဖြင့် ဟောပြောနိုင်ခဲ့၍ မဲဆန္ဒရှင်များက နှစ်ခြိုက်သဘောကျခဲ့ကြပြီး အမေရိကန်ပြည်ထောင်စု၏ ပထမဆုံး အာဖရိကန်-အမေရိကန်သမ္မတအဖြစ် ၂၀၀၈ ခုနှစ်တွင် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။

အိုဘားမားသည် ကောလိပ်ကျောင်းသားဘဝမှာပင် တွေးခေါ်ရှင်များ၏ စာပေများကို ဖတ်ရှုခဲ့သည်။ အတွေးအခေါ်စာပေများကို ဖတ်ခြင်းက သူတကယ်တမ်း ဘာကို ယုံကြည်သလဲဆိုသည်ကို ပြန်လည်ဆန်းစစ်ရန်ဖြစ်သည်ဟုဆိုသည်။ ထို့ပြင် စာအုပ်များထဲမှ အတွေးအခေါ်များကို ထုတ်ယူပြီး အသုံးချရန် စာဖတ်ခြင်းဖြစ်သည်ဟု ဆိုသည်။

အိုဘားမားသည် စာကောင်းပေမွန်များကို ရွေးဖတ်သူဖြစ်သော်လည်း ဝတ္ထု၊ ကဗျာနှင့် ရှိတ်စပီးယား၏ ပြဇာတ်များကိုလည်း အရသာခံဖတ်လေ့ရှိသည်။ ဂန္ဓီနှင့် လင်ကွန်း အတ္ထုပ္ပတ္တိစာအုပ်များကမူ အိုဘားမားအချိန်ရတိုင်း ပြန်ဖတ်လေ့ရှိသော စာအုပ်များဟုဆိုသည်။ သမ္မတရာထူးတာဝန်ထမ်းဆောင်စဉ်မှာလည်း ယခင်ထက် စာဖတ်ချိန်နည်းလာသော်လည်း စာဖတ်မပျက်၊ တစ်ခါတစ်ရံ လေယာဉ်ပေါ်မှ စာအုပ်ကိုင်လျက်ဆင်းလာသည့် သမ္မတအိုဘားမား၏ ရုပ်ပုံလွှာကို ထိုစဉ်မီဒီယာများတွင် မကြာမကြာတွေ့ရှိနိုင်သည်။

အိုဘားမားသည် စာဖတ်နာသည်နှင့်အမျှ "Dreams From My Father"၊ "The Audacity of Hope" ဟူသည့် စာအုပ်များကိုလည်း ရေးသားခဲ့ပေသည်။

အိုဘားမားနည်းတူ သမ္မတ နစ်ဆင်၊ ဂျူနီယာဘုရှ်တို့သည်လည်း အမေရိကန်သမ္မတ လင်ကွန်း၊ ဖရန်ကလင်ဒီရုစဗဲ့ သမိုင်းအတ္ထုပ္ပတ္တိများ၊ ဘိုင်ဘယ်သမ္မာကျမ်းစာများကို အာဂုံဆောင်နိုင်သည်အထိ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

### ဒုတိယအတွေး

စာအုပ်စာပေများထဲကပေးသော အတွေးအမြင်များကား ကုန်နိုင်ဖွယ်မရှိပေ။ လက်ထဲမှ စာအုပ်အဖုံးကို တစ်ဖန်ပြန်ကြည့်မိသည်။ ခေါင်းစဉ်က **"ဒုတိယအတွေး"**။ စာရေးသူက ဆရာမောင်ဝံသ။ ရပ်ကွက်စာအုပ်အငှားဆိုင်စင်ထက်က ကစ်ဆင်ဂျား၊ မိုရှေဒါယန်၊ နစ်ဆင်၊ မာရှယ်တီတိုး၊ ခရုးရှက်၊ ကစ်ဆင်ဂျား၏ အိမ်ဖြူတော်နှစ်များ၊ ကစ်ဆင်ဂျား၏ ကသောင်းကနင်းနှစ်များ စသည့်နိုင်ငံရေး အတ္ထုပ္ပတ္တိစာအုပ်များက မျက်ဝန်းရိပ်တွင် တဖျပ်ဖျပ်ပေါ်လာသည်။ ကျွန်တော်တို့မျိုးဆက်မှ စာဖတ်ဝါသနာရှင်များသည် ဆရာ၏လက်ရာဖော်ပြပါနိုင်ငံရေးအတ္ထုပ္ပတ္တိစာပေများနှင့် ယဉ်ပါးကြီးပြင်းလာခဲ့ကြသူများဖြစ်သည်။

ယခု **"ဒုတိယအတွေး"** အမည်ရစာအုပ်မှာမူ ၁၉၈၄ ခုနှစ်မှစ၍ အတွေးအမြင်စာစောင်တွင် ဆရာရေးသားခဲ့သော ဆောင်းပါးများနှင့် ခေါင်းကြီးအချို့ကို စုစည်းထားခြင်းဖြစ်သည်။

**"စကားပြောဆိုခြင်း၊ စာပေရေးသားခြင်း၊ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခုကို အသုံးပြု၍ လုပ်ဆောင်ခြင်း စသည်ဖြင့် ကိုယ်နှုတ်အမူအရာတိုင်းသည် တွေးကြံခြင်းမှ ပေါက်ဖွားလာသော ရလဒ်များဖြစ်သည်။ သို့ရာတွင် သာမန်လူများအဖို့ သိစိတ်၊ မှတ်စိတ်က လိုက်မမီနိုင်လောက်အောင် မြန်လွန်းလှသဖြင့် တွေးခြင်း၊ ပြောခြင်း၊ လုပ်ခြင်း** တို့သည် တစ်ဆက်တည်းလိုဖြစ်နေသည်။ တစ်ဆင့်ချင်း ပိုင်းခြားရန် မတတ်စွမ်းနိုင်ကြချေ။ ထို့ကြောင့် စိတ်နောက်ကိုယ်ပါဟူ၍ ဆိုစမှတ်ပြုခဲ့ခြင်းဖြစ်သည်။

စိတ်နောက်ကိုယ်ပါ ပြောခြင်း၊ ပြုခြင်းများကြောင့် မလိုလားအပ်သောဆိုးကျိုးများ ပေါ်ပေါက်တတ်ပေရာ တစ်စုံတစ်ခု တွေးကြံပြောဆိုပြုလုပ်တော့မည်ဆိုပါက နှုတ်က စကားတစ်ခွန်းမထွက်မီ၊ ကိုယ်ကတစ်စုံတစ်ရာ မပြုမူမီ၊ ပြောအံ့ ပြုအံ့ဆဲဆဲ အခိုက်အတန့်ကလေးတစ်ခု၌ ဒုတိယအတွေးကို ရုတ်ခြည်းဖော်ထုတ်ဖို့ လိုအပ်သည်။ ယခုနှုတ်က ထွက်တော့မည့်စကားသည် ပြောအပ်၊ မပြောအပ်။ ပြောလိုက်လျှင် အကျိုးရှိမလား၊ အကျိုးပျက်မလား စသည်ဖြင့် ဒုတိယအတွေး၏ လျှပ်တစ်ပြက်ဆန်းစစ်ခြင်းကို ခံယူဖို့လိုအပ်သည်။ ဒုတိယအတွေးသည် စင်စစ်အားဖြင့် ဆင်ခြင်တုံတရားပင်ဖြစ်၏။

လူရေးလူမှုနယ်ပယ်အသီးသီးတွင် အကြောင်းကိစ္စအလုံးစုံနှင့်စပ်လျဉ်း၍ တွေး၊ ကြံ၊ ပြောဆို၊ ပြုမူကြရာ၌ ဒုတိယအတွေးကို ဖြတ်သန်းပြီးမှ ဆောင်ရွက်ကြလျှင် ဆင်ခြင်တုံတရားထွန်းကား၍ ဗြဟ္မစိုရ်တရား ပြန့်ပွားစည်ပင်သော လောကချမ်းသာကြီးကို မျက်မှောက်ပြုကြရပေလိမ့်မည်။"

ဖော်ပြပါ **"ဒုတိယအတွေး"** အတွေးအမြင်ဆောင်းပါးက ယခုလက်ရှိကာလတွင်မက အနာဂတ်ကာလဘဝခရီးတိုင် အသုံးဝင်၊ အသုံးတည့်မည့် ဒဿနအမြင်တစ်ခုဟုဆိုရပါမည်။ ထိုဆင်ခြင်တုံတရားမှတစ်ဆင့် မိမိအတွက်သာမက မိမိပတ်ဝန်းကျင်က လူ့ဘောင်လောကကိုလည်း ငြိမ်းချမ်းသာယာမှုများကို ပေးစွမ်းနိုင်ပေလိမ့်မည်။

### လောကလူသားများအတွက် တွေးဆဆင်ခြင်စရာပင်

**"ပြဿနာနှင့်နည်းလမ်း"** အတွေးအမြင်ဆောင်းပါးစာစုလေးကလည်း နိစ္စဓူဝပြဿနာ၊ တစ်နည်း စိတ်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ယနေ့လောကလူသားများအတွက် တွေးဆဆင်ခြင်စရာပင်။

အဆိုပါဆောင်းပါးတွင် **"ပြဿနာများ၊ အခက်အခဲများနှင့် တွေ့ကြုံရင်ဆိုင်ရသောအခါတိုင်း၌** လူသည်အောင်မြင်စွာ ကျော်လွှားနိုင်ရန် နည်းလမ်းရှာရသည်။ နည်းလမ်းရှာရာ၌ မိမိ၏အတွေ့အကြုံမှ ရရှိသော ကိုယ်ပိုင်စိတ်ကူးစိတ်သန်းကို အသုံးချခြင်းဖြင့်လည်းကောင်း၊ သူတစ်ပါးတို့တွေ့ကြုံခဲ့ရသည်ကို ကြားနာမှတ်သားခဲ့ရဖူးခြင်းမှ ဆင့်ပွားတွေးခေါ်၍လည်းကောင်း ရှာဖွေလေ့ရှိကြသည်။

မိမိ၏ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့် ပြဿနာဖြေရှင်းရေးနည်းလမ်းများကို ရှာဖွေသူသည် မည်သို့သော အကျိုးရလဒ်ထွက်ပေါ်နိုင်သည်ကို ကြိုတင်မှန်းဆရန် ခက်ခဲတတ်သည်။ ဖြစ်နိုင်ခြေများကို မိမိဘာသာစဉ်းစား၍ မိမိဘာသာမှန်းဆရမည်ဖြစ်ရာ အမှန်တကယ်ရလဒ်နှင့် နီးစပ်သောအဖြေကို ရခဲသည်။ လူသည်ဆန္ဒစွဲနှင့်ယှဉ်၍သာလျှင် စဉ်းစားလေ့ရှိသည်ဖြစ်ရကား မိမိရွေးချယ်သောနည်းလမ်းသည်သာလျှင် အမှန်ဆုံးဟု ထင်တစ်လုံးဖြစ်တတ်စမြဲပင်။ မှားမှန်းသိချိန်တွင် ပြန်လည်ပြင်ဆင်ရန် နောက်ကျလွန်းသော အခြေအနေမျိုးနှင့် ကြုံရတတ်သည်။

သူတစ်ပါး၏ အလားတူအတွေ့အကြုံများကို လေ့လာဆန်းစစ်၍ ဆင့်ပွားတွေးခေါ်ကာ နည်းလမ်းရှာဖွေခြင်းသည်ကား ဆင်ခြင်တုံတရားကို အထောက်အကူဖြစ်စေသည်။ အမှားနည်းစေသည်။

လောက၌ လူအမျိုးမျိုးရှိလေရာ သူတစ်ပါးအတွေ့အကြုံကို လေ့လာစရာမလို၊ ကိုယ့်နည်းကိုယ့်ဟန်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ့်လမ်းကိုယ်သွားဖို့သာလိုသည်ဟု တစ်ယူသန် စွဲမြဲသူများလည်း ရှိသည်။ သူတစ်ပါးအတွေ့အကြုံကို ဆန်းစစ်လေ့လာ၍ မိမိ၏ ဉာဏ်စွမ်းဉာဏ်စဖြင့် မွမ်းမံကာ ကောင်းသည်ထက်ကောင်းအောင် နည်းလမ်းရှာတတ်သူများလည်းရှိသည်။ သူတစ်ပါးအတွေ့အကြုံကို အပေါ်ယံမျှ လေ့လာလျက် သူတို့မအောင်မြင်ခဲ့တာ ငါလည်းအောင်မြင်မှာ မဟုတ်ပါဘူးဟူ၍ စစ်မရောက်ခင် မြားကုန်သကဲ့သို့ အားလျှော့စိတ်ပျက်ပြီး နောက်ပြန်ဆုတ်တတ်သူများလည်း ရှိသည်။ သူတစ်ပါးအတွေ့အကြုံနှင့် အမှားများကို တွေ့ပါလျက် ဒါမျိုး ငါမမှားနိုင်ဟု မိမိကိုယ်မိမိ ထင်တစ်လုံးဖြင့် ဇွတ်တိုးအကဲစမ်းတတ်သူများလည်းရှိသည်။

ပြဿနာနှင့်ရင်ဆိုင်ရတိုင်း မိမိဘယ်လို လူစားမျိုးဖြစ်သည်ဆိုခြင်းကို ပြဿနာကပင် စိန်ခေါ်စစ်ဆေးလျက်ရှိပေသည်။"

### လက်ကိုင်ဖုန်းလေးတွေ ခဏပိတ်ထားလိုက်ကြရအောင်

ဖုန်းဘက်ထရီအားသွင်းခိုက် အတွေးအမြင်ဆောင်းပါး စာစုအတိုလေးများကို တစ်ပုဒ်စ၊ နှစ်ပုဒ်စ၊ ဟိုတစ်စ၊ ဒီတစ်စမျှဖတ်မည့် မူလစိတ်ကူးသည် ဖတ်ရင်းဖတ်ရင်း ဘယ်ပျောက်သွားမှန်းမသိတော့။ စာမျက်နှာနှစ်ရာကျော်၊ နှစ်ရာ့ငါးဆယ်နီးပါး၊ ဆောင်းပါးစာစုပုဒ်ရေ ၅၀ ကျော်ကို ငယ်စဉ်ကလို တစ်အုပ်လုံးကုန်အောင် မြိန်ရေရှက်ရေ တစ်ထိုင်တည်း ဖတ်ရှုပစ်လိုက်သည်။

၂၀၀၃ ခုနှစ်က ထုတ်ဝေခဲ့ပြီး ထိုစဉ်က စာအုပ်တန်ဖိုးမှာ ငွေကျပ် ခုနစ်ရာမျှသာ။ စာပေထဲက အတွေးအမြင်များကမူ အဖိုးအနဂ္ဃပင်။ သမ္မတအိုဘားမားက တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် **"ကလေးတွေကို ငယ်ငယ်လေးကတည်းက စာဖတ်ပြတဲ့အကျင့် လုပ်ပေးရမယ်။ ကလေးတွေအနေနဲ့ စာဖတ်တာကိုအာရုံဝင်စားအောင် လုပ်ပေးရမယ်။ တီဗွီကိုပိတ်ပြီး စာဖတ်ပြတဲ့အကျင့်လုပ်ပါ"** ဟု ဆိုပါသည်။ ကျွန်တော်တို့လည်း လက်ကိုင်ဖုန်းလေးတွေ ခဏပိတ်ထားလိုက်ကြရအောင်။ ။

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ဖြစ်ပွား/သေဆုံးမှုလျှော့ချရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၁

ရေကြည်ရေသန့်တွင် ပေါက်ပွားသည့် ခြင်ကျားကိုက်ခြင်းကြောင့် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးနှင့် ဖြစ်ပွား/သေဆုံးမှုလျှော့ချရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၇)ဒေသန္တရ ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ လှဲ့လှဲ့ဝင်းနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ သူရဇော်တို့က သွေးလွန်တုပ်ကွေး ရောဂါ၏ လက္ခဏာများ၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ကြိုတင်ဆောင်ရွက်ခြင်းနှင့် ခြင်ကျားမပေါက်ပွားရအောင် သန့်ရှင်းရေးဆောင်ရွက်ရန်အချက်များ၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုက ပူးပေါင်း ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြီး ခြင်မဖြစ်မီ လောက်လမ်းဘဝကပင် ကြိုတင်ကာကွယ် နှိမ်နင်းမှသာ မိသားစုတိုင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

အေးမဋ္ဌ

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ခိုလှုံပေါက်ပွားနိုင်သောနေရာများအား လိုက်လံစစ်ဆေး၍ ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက အမှတ်(၇)ရပ်ကွက်ရှိ နေအိမ်များ၌ တစ်အိမ်တက်တစ်အိမ်ဆင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။



**ကွင်းဆင်းစစ်ဆေး**

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ပိုးလောက်လမ်းပေါက်ပွားနိုင်သည့်နေရာများရှိ/မရှိစစ်ဆေးခြင်း၊ ခြင်ပေါက်ပွားမှုမရှိစေရေး ဆောင်ရွက်ခြင်းနှင့် ရေစည်၊ ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းတို့ကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဆရာ ဆရာမများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇူလိုင် ၂၁

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၇-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၅ | ၃၀၇၅ | ၃၀၄၅ | ၂၉၇၅ | ၃၀၈၅ | ၃၁၀၀ | ၃၁၁၅ | ၃၀၃၅ | ၄၅၀၅ | ၃၃၂၅ | ၃၀၅၀ | ၃၀၅၅ | ၃၁၂၀ | ၃၀၈၅ | ၃၁၁၀ | ၃၃၆၅ |
| 95 Ron | ၃၀၂၀ | ၃၁၃၅ | ၃၁၀၀ | ၃၀၃၅ | ၃၁၄၀ | ၃၁၅၅ | ၃၁၇၀ | ၃၀၉၀ | ၄၅၆၀ | ၃၃၈၅ | ၃၁၀၅ | ၃၁၁၀ | ၃၁၈၀ | ၃၁၄၅ | ၃၁၆၅ | ၃၄၂၅ |
| HSD (500 ppm) | ၂၆၈၅ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၆၀ | - | ၃၀၅၀ | ၂၇၇၅ | ၂၇၇၅ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၅ | ၃၀၉၀ |
| HSD (50 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | ၄၈၃၀ | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၈၀ | ၃၇၃၅ |
| HSD (10 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | - | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၈၀ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၈၄ |
| 95 Ron | ၂၈၄၉ | ၂၉၄၀ |
| HSD (500 ppm) | ၂၅၂၇ | ၂၆၀၇ |
| HSD (50 ppm) | ၃၁၅၂ | ၃၂၄၄ |
| HSD (10 ppm) | ၃၁၅၂ | ၃၂၄၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## ပခုက္ကူတက္ကသိုလ်၌ ရှေးဦးပြုစုခြင်း အခြေခံအဆင့်သင်တန်းဖွင့်ပွဲကျင်းပ

ပခုက္ကူ ဇူလိုင် ၂၁

ပခုက္ကူတက္ကသိုလ်နှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်းအခြေခံအဆင့် (၁/၂၀၂၅)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက တက္ကသိုလ်ရှိ ကျွန်းရွှေဝါခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် သင်ကြားပို့ချပေးမည့် ဘာသာရပ်များအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဘာသာရပ်အသီးသီးမှ ကျောင်းသားကျောင်းသူ ၉၂ ဦးတက်ရောက်မည်ဖြစ်ပြီး တက္ကသိုလ်ရှိ ပင်မဆောင် (M-306)ခန်းမ၌ မြို့နယ်ကြက်ခြေနီအသင်းခွဲမှ သင်တန်းနည်းပြခုနစ်ဦးက ရှေးဦးပြုစုခြင်းဆိုင်ရာ အခြေခံဘာသာရပ်များကို ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



## လှည်းကူးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ မိုးရာသီတွင် အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ကျွန်းကလေးကျေးရွာအုပ်စု ကပျဉ်ရိုးကျေးရွာ၌ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကေသီခိုင်နှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းအဖွဲ့များက ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လှည်းကူးမြို့နယ် ကပျဉ်ရိုးကျေးရွာအတွင်းရှိ နေအိမ်များနှင့် ကျောင်းများရှိ ရေကန်၊ ရေစည်၊ ရေအိုးများ၊ မိုးရေတင်နိုင်သော ခွက်၊ တာယာစုတ်၊ အိုးခြမ်းပဲ့၊ အုန်းမှုတ်ခွက်၊ ညောင်ရေအိုး၊ ပန်းအိုးများတွင် ပိုးလောက်လမ်းကာကွယ်ရေး အဘိတ်ဆေးများခတ်ခြင်းနှင့် ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၇-၂၀၂၅ ရက်နေ့ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ကော်လံ ၁ တွင်ပါရှိသော ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Royal Express Co.,Ltd. မှ ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း)ထုတ်ပေးခြင်းတွင် ငွေကျပ် ၈၉၉၄၃၇၅၀ အစား ငွေကျပ် ၈၉၉၄၃၇၅ ကျပ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မြို့နယ်(ပြန်/ဆက်)

# ကယားပြည်နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အခြေခံစားသောက်ကုန်များပေးအပ်ခြင်း အခမ်းအနားကျင်းပ

လွိုင်ကော် ဇူလိုင် ၂၁

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာ့စီးပွားရေးဘဏ်(လွိုင်ကော်ဘဏ်ခွဲ)၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ ပင်စင်လစာထုတ်ယူနေမှု၊ Smart Card များ လျှောက်ထားမှုအပေါ် ဆောင်ရွက်ပေးနေမှုနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်၊ သူနာပြုများက ကိုဗစ် ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးရုံး ဝန်ထမ်းများက ဇီဝအချက်အလက်များကောက်ယူ၍ UID Smart Card များ ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ လွိုင်ကော်ပညာရေးဒီဂရီကောလိပ်၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် လွိုင်ကော်ပညာရေး ဒီဂရီကောလိပ်တို့အတွက် ကျွန်း၊ ခရေ၊ စိန်ပန်းနီနှင့် စိန်ပန်းပြာ စသည့်ပျိုးပင်များကို သက်ဆိုင်ရာကိုယ်စားလှယ်များထံ ပေးအပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်နေရာ၌ ကံ့ကော်ပင်ကို စတင်စိုက်ပျိုးပေးပြီး ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တက်ရောက်လာကြသူများသည် သတ်မှတ်နေရာများ၌ သစ်မျိုးပေါင်း ၁၅ မျိုး၊ ပျိုးပင်ပေါင်း ၂၀၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ် ဦးစီးမှူး ဦးထွန်းဆွေနှင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ပင်စင်စားများအား ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီတွင် ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ ကိုကျော်(သုံးခွ)

# မြဝတီမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

မြဝတီ ဇူလိုင် ၂၁

မြဝတီမြို့၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာလိမ်လည်ထုတ်ယူခြင်းမှ ကင်းဝေးနိုင်စေရန်၊ လူပုဂ္ဂိုလ်မှန်ကန်မှုရှိ/မရှိ စိစစ်နိုင်စေရန်နှင့် ခေတ်မီနည်းပညာ အသုံးပြုနိုင်ရန်၊ မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ e-ID စနစ်တို့ ချိတ်ဆက် ဆောင်ရွက်နိုင်ရေးအတွက် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၉ နာရီတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြဝတီမြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်ပေးသည်။



**ညှိနှိုင်းဆောင်ရွက်ပေး**

ဦးစွာ အငြိမ်းစားဝန်ထမ်းများအား UID ကတ်များ ဆောင်ရွက်ပေးနေမှုကို မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် အဖွဲ့ဝင်များ၊ ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းတို့က ကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြဝတီခရိုင် ခရိုင်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်း ဦးဆောင်၍ ခရိုင်နှင့် မြို့နယ်အဆင့် ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိရာ UID ကတ်များ ပြုလုပ်ရာတွင် အငြိမ်းစားဝန်ထမ်းများအနေဖြင့် မှတ်ပုံတင်ကတ်နှင့် ပင်စင်ကတ်တို့ ယူဆောင်လာရန် လိုအပ်မည်ဖြစ်ပြီး ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း တစ်ရက်လျှင် ပင်စင်စားဦးရေ ၂၅၀ အား UID ကတ်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ



# လက်ပံတန်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Smart Card များ ဆောင်ရွက်ပေး

လက်ပံတန်း ဇူလိုင် ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ကိုယ်ရေးအချက်အလက်၊ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းနှင့် Smart Card များ ပြုလုပ်ခြင်းကို လက်ပံတန်းမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လက်ပံတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးမိုးနှင့်ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်၊ မြို့နယ်အငြိမ်းစားဝန်ထမ်းများအသင်းနှင့်ပူးပေါင်း၍ ပင်စင်လာရောက်ထုတ်ယူသော အငြိမ်းစားဝန်ထမ်းများကို ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ မြန်မာ့စီးပွားရေးဘဏ်တွင် ဆောင်ရွက်ပေးမည်ဖြစ်ပြီး လာရောက်ထုတ်ယူနိုင်ခြင်းမရှိသည့် အငြိမ်းစားဝန်ထမ်းများနှင့် Smart Card ပြုလုပ်ရန် ကျန်ရှိသူများအား ရပ်ကွက်၊ ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဒိုက်ဦးမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်

ဒိုက်ဦး ဇူလိုင် ၂၁

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဦးမြင့်နိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး ဦးစီးမှူး ဦးစောထွန်းဖြူနှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် မြို့နယ်အတွင်းရှိ ပင်စင်စားအငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများအား ထုတ်ပေးလျက်ရှိသည့် မြန်မာ့စီးပွားရေးဘဏ်သို့ကွင်းဆင်း၍ ပင်စင်လစာထုတ်အငြိမ်းစားဝန်ထမ်းများအား UID ကတ်များပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)





# ဇီးကုန်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ဇီးကုန်း ဇူလိုင် ၂၁

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ယနေ့နံနက်ပိုင်းက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား မြန်မာ့စီးပွားရေးဘဏ်၌ UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဇီးကုန်းမြို့နယ်ဦးစီးမှူးရုံးမှ လဝကမှူး ဦးညွန့်လွင်၊ Biometric တာဝန်ခံလက်ထောက်လဝကမှူး ဦးညီညီထွန်း၊ ယာယီစာရင်းကောက် ဦးသျှိုင်းဆက်ပိုင်သော်တို့ကဦးဆောင်၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ရုံးတွင် ပင်စင်လစာလာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UIDလုပ်ငန်းများဆောင်ရွက်ခြင်းကို ဇူလိုင် ၂၁ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

“လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့”

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲကျင်းပ

ဘားအံ ဇူလိုင် ၂၁

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်အနီးရှိ ပြည်နယ်ဖူဆယ်အားကစားခန်းမ၌ ကျင်းပသည်။

**ကြိုးစားယှဉ်ပြိုင်**

ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဖူဆယ်အားကစားနည်းဖြင့် ပြည်နယ်၏ဂုဏ်ကို မြှင့်တင်ဂုဏ်ဆောင်ပေးနိုင်သူများ ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ ပြိုင်ပွဲဝင်အသင်းများ အနေဖြင့် သတ်မှတ်ထားသော ပြိုင်ပွဲစည်းကမ်းနှင့်အညီ အားကစားသမားကောင်းစိတ်ဓာတ်မွေးမြူ၍ ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများသည် ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းမှ အားကစားသမားများအား ရင်းနှီးနွေးထွေးစွာ လိုက်လံတွေ့ဆုံနှုတ်ဆက်ပြီး ပြိုင်ပွဲဝင်အသင်း တစ်သင်းလျှင် ငွေကျပ် သိန်း ၂၀ စီ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ကြာအင်းဆိပ်ကြီးမြို့နယ်အသင်းနှင့် ဖာပွန်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲစဉ်တွင် ဖာပွန်မြို့နယ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဇူလိုင် ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းလွဲ ၃ နာရီမှစတင်၍ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၊ တောင်ဒဂုံမြို့နယ် တောင်ဒဂုံအားကစားကွင်း၊ သန်လျင်မြို့နယ် သန်လျင်အားကစားကွင်းနှင့် သဃ်န်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)တို့တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ်များ လာရောက်ကြည့်ရှုအားပေးကြသည်။



၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း ပြန်လည်ဦးမော့ပြီး ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် ဘောလုံးအားကစားသမားများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ယနေ့(အမျိုးသား)ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ပဒုမ္မာအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားရာ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ခြောက်ဂိုး- တစ်ဂိုးဖြင့်လည်းကောင်း၊ တောင်ဒဂုံအားကစားကွင်းတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကချင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို တစ်ဂိုး -ဂိုးမရှိဖြင့်လည်းကောင်း၊ သန်လျင်အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ဂိုး -ဂိုးမရှိဖြင့် လည်းကောင်း၊ YTC လေ့ကျင့်ရေးကွင်း(၁) (စက်ဘီးကွင်း)တွင် ရှမ်းပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ဇူလိုင် ၂၂ ရက်တွင် ပြိုင်ပွဲတစ်ရက်ရပ်နားပြီး ဇူလိုင် ၂၃ ရက် မွန်းလွဲ ၃ နာရီမှစတင်၍ အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ပဒုမ္မာအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ YTC လေ့ကျင့်ရေးကွင်း(၁) (စက်ဘီးကွင်း)တွင် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကာ ဘောလုံးအားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲ ပြုလုပ်

နေပြည်တော် ဇူလိုင် ၂၁

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အားကစားအသင်းများ၏ ပထမနေ့ပွဲစဉ်ဖြစ်သည့် မြိတ်တပ်နယ်အသင်းနှင့် တနင်္သာရီရေတပ်စခန်းဌာနချုပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇူလိုင် ၂၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ **အာဆီယံမှ**

တစ်ချိန်တည်း ကစားမည်ဖြစ်ပြီး ဂျကာတာမြို့ရှိ ဘန်ကာနိုကွင်း၌ ဗီယက်နမ်အသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ ဘီကာဆီမြို့ရှိ Patriot Chandrabhaga ကွင်း၌ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စု(ခ)တွင် ဗီယက်နမ်အသင်းက တစ်ပွဲကစား သုံးမှတ်၊ ကမ္ဘောဒီးယားအသင်းက တစ်ပွဲကစား တစ်မှတ်၊ လာအိုအသင်းက ပွဲကုန်နှစ်ပွဲကစား တစ်မှတ်၊ အုပ်စု(ဂ)တွင် ထိုင်းအသင်းက တစ်ပွဲကစား သုံးမှတ်၊ မြန်မာအသင်းက တစ်ပွဲကစား တစ်မှတ်၊ တီမောအသင်းက ပွဲကုန်နှစ်ပွဲကစား တစ်မှတ်ရရှိထားသည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲတွင် တီမောအသင်းကို အနိုင်မကစားနိုင်ဘဲ သရေကျခဲ့သဖြင့် နောက်တစ်ဆင့်တက်ရောက်ခွင့်ရရန် ထိုင်းအသင်းကို မဖြစ်မနေ အနိုင်ကစားရတော့မည်ဖြစ်သည်။ မြန်မာအသင်းသည် တီမောနှင့်ပွဲတွင် အကြိမ်ကြိမ်ဦးဆောင်ပြီးမှ လေးဂိုးစီ သရေကျခဲ့ခြင်းဖြစ်ပြီး ထိုင်းအသင်းမှာမူ တီမောအသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအနက် ပထမဆုံးပြိုင်ပွဲယှဉ်ပြိုင်ရခြင်းဖြစ်ပြီး နည်းပြသစ် ဂျပန်နိုင်ငံသား ကူရိုဆာကီ လက်ထက် နိုင်ငံတကာပွဲများတွင် နိုင်ပွဲမရသေးသည့် မှတ်တမ်းဆိုးကိုလည်း ရပ်တန့်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

ဓာတ်ပုံ - MFF

# အာဆီယံ ယူ-၁၆ အမျိုးသမီး ချန်ပီယံရှစ် ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု(ခ)တွင် ကျရောက်

ရန်ကုန် ဇူလိုင် ၂၁

အာဆီယံဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် ၂၀၂၅ အာဆီယံ ယူ-၁၆ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဇူလိုင် ၂၁ ရက်က ကျင်းပရာ မြန်မာအသင်း အုပ်စု(ခ)တွင် ကျရောက်ခဲ့သည်။

ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ကိုးသင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)တွင် အိမ်ရှင်အင်ဒိုနီးရှား၊ မလေးရှား၊ တီမော၊ အုပ်စု(ခ)တွင် ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ အုပ်စု(ဂ)တွင် ထိုင်း၊ စင်ကာပူနှင့် ဩစတြေးလျအသင်းတို့ ပါဝင်နေသည်။

ယင်းပြိုင်ပွဲကို ဩဂုတ် ၂၀ ရက်မှ ၂၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း လေးသင်း ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ယခုပြိုင်ပွဲမှာ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း နည်းပြချုပ်သစ် ကူမိကိုတာရှီရိုအတွက် ပထမဆုံး နိုင်ငံတကာပွဲစဉ်ဖြစ်လာမည်ဖြစ်သည်။ အသက် ၄၅ နှစ်ရှိ ကူမိကိုတာရှီရိုသည် JFA ပရိုနည်းပြလိုင်စင်ရရှိထားသူဖြစ်ပြီး ဂျပန်အမျိုးသမီးကလပ်များနှင့် လူငယ်အသင်းများကို ကိုင်တွယ်ခဲ့သူဖြစ်သည်။ **ကိုညီလေး**



## မြစ်သားမြို့နယ်၌ ပဲတီစိမ်းသီးနှံများ စတင်ရိတ်သိမ်း

ကျောက်ဆည် ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ပဲတီစိမ်း(မိုး)ကို ကျောက်ဆည်မြို့နယ်တွင် ၄၁၂၃ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၄၆၄၁ ဧက၊ မြစ်သားမြို့နယ်တွင် ၁၀၈၇၁ ဧက၊ စုစုပေါင်း ၁၉၆၃၅ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရှိရပြီး လက်ရှိအချိန်တွင် မြစ်သားမြို့နယ်၌ ပဲတီစိမ်းသီးနှံများ ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံကို မတ်လနှင့် ဧပြီလများတွင် စတင်စိုက်ပျိုးကြပြီး ဇွန်လနှင့် ဇူလိုင်လများတွင်ခူးဆွတ်ရကြောင်း၊ ကျောက်စိမ်းမျိုးနှင့် ရေဆင်း-၁၁ မျိုးကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ငါးပြည်၊ ခြောက်ပြည်ခန့်ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၄၅၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခုအချိန်တွင် ပဲတီစိမ်းသီးနှံများ ရိတ်သိမ်းလျက်ရှိပြီး တစ်ဧက လျှင် ၁၀တင်း၊ ၁၂ တင်း ခန့် ထွက်ရှိကြောင်း ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြကာ အကျိုးအမြတ်များရရှိသည့်အတွက် တောင်သူများအဆင်ပြေကြောင်း ပဲတီစိမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

## ရွှေတောင်မြို့နယ်၌ ပဲတောင့်ရှည် (ခေါ်) တိုင်ထောင်ပဲ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

ရွှေတောင် ဇူလိုင် ၂၁

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် စားဖိုဆောင်သီးနှံ တစ်မျိုးဖြစ်သော ပဲတောင့်ရှည်(ခေါ်) တိုင်ထောင်ပဲသီးနှံကို စိုက်ပျိုးကြကြောင်း သိရသည်။



**အကျိုးအမြတ်များရရှိ**

ပဲတောင့်ရှည် သီးနှံသည် ရာသီမရွေး စိုက်ပျိုးပြီး တစ်လခွဲခန့်အကြာတွင်အသီးများ စတင်ခူးဆွတ်နိုင်ကြောင်း၊ ပင်ခြား တစ်ပေ၊ တန်းခြား သုံးပေခြား၍ တိုင်ထောင်စနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ပဲတောင့်ရှည် အတောင့် ၁၀၀၀၀၀-၁၂၀၀၀၀ ခန့်ထွက်ရှိပြီး ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ဒေသတွင်းရောင်းချမှုများအပြင် ပြည်မြို့နှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ ပဲတောင့်ရှည်သီးနှံ စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ၍ အကျိုးအမြတ်များရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

## မကွေးမြို့နယ်၌ မိုးနှမ်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေး ဇူလိုင် ၂၁

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဆီထွက်သီးနှံများနှင့် စားဖိုဆောင်သုံး သီးနှံများကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ နှမ်းသီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

နှမ်းကို မေလဆန်းတွင် စတင်စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် သိပ္ပံနှမ်းနက်မျိုးကို အများဆုံး စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့သုံးပြည်ခန့်ကုန်ကျကြောင်း၊ ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ယခင်နှစ်က စုစုပေါင်းငွေကျပ် ငါးသိန်းခန့် ကုန်ကျခဲ့ရာ ယခုနှစ်တွင် သွင်းအားစုဈေးနှုန်းများ မြင့်တက်လာသည့် အတွက် စုစုပေါင်းငွေကျပ် ခြောက်သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ခြောက်တင်း၊ ခုနစ်တင်းခန့် ထွက်ရှိခဲ့ပြီး အကျိုးအမြတ် ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့ပေါ်ရှိပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခင်နှစ်၌ ရာသီဥတု မျှတမှုနည်းသည့် အတွက် နှမ်းသီးနှံ အထွက်နှုန်းများ လျော့နည်း ခဲ့သော်လည်း ဈေးကောင်း ရရှိသောကြောင့် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် မိုးများသော်လည်း နှမ်းပင်များ အသေအပျောက်နည်း၍ နှမ်းစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အထွက်နှုန်းနှင့် ဈေးနှုန်းများကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း နှမ်းသီးနှံစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

## ကျောက်ဆည်မြို့နယ်၌ ခရမ်းသီးများ စတင်ထွက်ပေါ်လျက်ရှိ

ကျောက်ဆည် ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကုန်စိမ်းသီးနှံတစ်မျိုးဖြစ်သော ခရမ်းသီးကို စိုက်ပျိုးကြကြောင်း၊ ခရမ်းသီးကို ရာသီမရွေး စိုက်ပျိုးနိုင်သောကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း သိရသည်။

ခရမ်းသီးကို ဧပြီလတွင် စိုက်ပျိုး၍ သုံးလကျော်အကြာ ဇူလိုင်လတွင် အသီးများ စတင်ခူးဆွတ်နိုင်ကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့ကိုပျိုးထောင်၍ ပျိုးပင်တစ်လခွဲအရွယ်တွင် စိုက်ဘောင်၌ ဘောင်ခတ်စနစ်ဖြင့် အတန်းလိုက် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ ခရမ်းသီးကို လေးရက်ခြား တစ်ကြိမ်ခူးဆွတ်ရပြီး တစ်ဧကလျှင် စုစုပေါင်းပိဿာ ၂၀၀၀-၂၂၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ကျောက် ဆည်၊ စဉ့်ကိုင်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ အထွက်နှုန်းနှင့်ဈေးနှုန်းများကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း ခရမ်းသီးစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။



### ၂၁-၇-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ဧရာတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၂၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၂၈၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ |
| ၂ | လားရှိုး | ၅၀၀၀ | | ၈၀၀၀ | | ၇၉၇၉ | ၂၅၀၀၀ | ၃၅၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၈၀၀၀ | ၄၀၀၀၀ | ၄၈၀၀၀ | |
| ၃ | ကျိုင်းတုံ | ၅၂၀၀ | | ၇၇၀၀ | ၂၃၀၀၀ | - | ၁၅၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၆၅၀၀ | ၂၈၀၀ | ၁၁၅၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၆၉၆၄ | ၁၈၀၀၀ | ၂၂၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ | ၃၇၀၀၀ | ၂၂၀၀၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၆၇၀၀ | ၁၆၀၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၄၀၀၀ |
| ၆ | ဘားအံ | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၆၈၀၀ | ၁၃၀၀၀ | ၂၄၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၃၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၆၇၃၂ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၂၀၀ | | ၅၅၀၀ | ၂၇၀၀၀ | ၇၁၀၀ | ၁၄၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | | ၆၀၀၀ | ၁၅၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | |
| ၉ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၂၅၀ | ၁၂၅၀၀ | ၂၂၀၀ | ၁၁၀၀၀ | ၁၁၅၀၀ | | ၆၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၂၇၀၀၀ | ၄၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၄၅၀ | ၁၂၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၁၀၀၀၀ | ၅၃၀၀ | ၅၄၀၀ | ၂၁၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၃၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၅၀၀၀ | ၂၁၀၀၀ | ၆၈၅၀ | ၁၀၀၀၀ | ၁၈၀၀ | ၉၅၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၁၂ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၂၇၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၇၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၃ | မုံရွာ | ၃၇၀၀ | | ၆၆၀၀ | ၁၈၀၀၀ | ၆၉၅၀ | ၁၂၀၀၀ | ၂၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၅၅၀၀ | ၂၂၀၀ | ၉၈၀၀ | ၇၂၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ |
| ၁၄ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၁၄၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၅၀၀ | ၉၃၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၁၈၀၀၀ |
| ၁၅ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၆၈၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၁၃၀၀ | ၁၀၀၀၀ | | ၁၆၀၀၀ | ၄၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၁၄၀၀၀ |
| ၁၆ | မကွေး | ၃၄၀၀ | | ၆၄၀၀ | ၁၇၀၀၀ | ၆၉၃၅ | ၁၁၀၀၀ | ၁၂၀၀ | ၉၅၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၈၈၀၀ | ၇၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ |
| ၁၇ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၆၇၉၀ | ၁၁၅၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၈၀၀ | | ၆၇၀၀ | ၉၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၈ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၇၉၀ | ၁၁၅၀၀ | ၁၈၀၀ | ၈၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၆၇၀၀ | ၉၀၀၀ | ၄၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၉ | ပျဉ်းမနား | ၂၈၀၀ | | ၆၀၀၀ | ၁၉၆၀၀ | ၆၇၅၁ | ၁၅၈၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၁၁၂၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၁၀၀၀ | ၆၄၀၀ | ၈၂၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၇၂၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၀၀၀ | ၁၅၇၀၀ |
| ၂၀ | နေပြည်တော် | ၂၈၀၀ | | ၆၀၀၀ | ၁၉၈၀၀ | ၆၇၅၁ | ၁၆၀၀၀ | ၁၈၀၀ | ၁၀၄၀၀ | ၁၁၅၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၁၄၀၀ | ၆၄၀၀ | ၈၅၀၀ | ၄၂၀၀ | ၅၅၀၀ | ၁၇၄၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၅၉၀၀ |
| ၂၁ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၉၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | ၅၈၀၀၀ | ၂၀၀၀၀ |

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၁

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယမန်နေ့တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများက သံရည်ကျိုအလုပ်ရုံ(၁) လည်ပတ်ထုတ်လုပ်နေမှု၊ သံရည်ကျိုအလုပ်ရုံ(၂) ပြန်လည်လည်ပတ်ရန်အတွက် လုပ်ငန်းဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံနှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်တပ်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။



ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လုပ်ငန်းများကို သတ်မှတ်ထားသည့်အချိန်ဇယားများအတိုင်း ပြီးစီးအောင် ဆောင်ရွက်ရန်၊ သံရည်ကျိုအလုပ်ရုံ(၂) ပြန်လည်လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အချိန်ကိုက်ပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များအတွက် စက်ပစ္စည်းကိရိယာများ လိုအပ်ချက်ဖြစ်ပေါ်လာပါက လုပ်ငန်းများထိခိုက်နှောင့်နှေးမှုမရှိစေရေး အမြန်ဆုံးဝယ်ယူဖြည့်ဆည်းနိုင်ရေး စီမံဆောင်ရွက်ထားရန်၊ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် စက်ပစ္စည်းကိရိယာများကို စစ်ဆေးပြုပြင်နေရ၍ ခေတ္တရပ်ဆိုင်းခဲ့ရသည့် ထုတ်လုပ်မှုအား ဘဏ္ဍာရေးနှစ် သတ်မှတ်လျာထားချက်ကိုပြည့်မီအောင် ဖြည့်ဆည်းထုတ်လုပ်နိုင်ရေး စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်၊ လျာထားချက်နှင့်အညီ လိုအပ်သော သွင်းအားစုများ၊ စက်အရန်ပစ္စည်းများကိုလည်း ကြိုတင်ဖြည့်တင်းဝယ်ယူဆောင်ရွက်ရန်နှင့် ဆက်စပ်ဌာနများနှင့်လည်း ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သံရည်ကျိုအလုပ်ရုံ(၂) လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် အလုပ်ရုံအတွင်းရှိ ကရိန်းများ စစ်ဆေးပြုပြင်ပြီး စမ်းသပ်မောင်းနှင်နေမှု၊ လျှပ်ပန်းမီးဖို(EAF)၏ ရေလိုင်း၊ ဟိုက်ဒရောလစ်လိုင်းများကို သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကာဗွန်အိုးအတွင်းရှိ ကာဗွန်များနှင့်ချော်များကို ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ သတ်မှတ်သံမဏိအရည်အသွေးရရှိရေးအတွက် ဓာတ်သတ္တုပစ္စည်းများ ချိန်ညှိသည့်လုံမီးဖို (LF)၏ ဟိုက်ဒရောလစ်လိုင်းများ သန့်ရှင်းရေးဆောင်ရွက်ပြီးစီးမှု၊ သံမဏိပြားပုံသွင်းစက်(TSC) ပြုပြင်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေမှု၊ မိုလ်နှင့် ဆက်စပ်အစိတ်အပိုင်းများကို ချိန်ညှိခြင်းလုပ်ငန်းများ ထပ်မံဆောင်ရွက်ရမည့်အခြေအနေ၊ ပင်မအလုပ်ရုံရှိ ဆွဲဆန့်အားစမ်းသပ်စက် (Tensile Testing Machine) များ၊ ကွေးညွှတ်အားစမ်းသပ်စက်(Bend Test Machine) များဖြင့် သံမဏိအရည်အသွေး စမ်းသပ်စစ်ဆေးမှု၊ သံမဏိတုံးအပူပေးကြိတ်စက် (Hot Strip Mill) ၏ Batching Plant တည်ဆောက်မည့်နေရာအား ကွန်ကရစ်လောင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက သံရည်ကျိုအလုပ်ရုံ(၂)ကို လာမည့် စက်တင်ဘာလအတွင်း လည်ပတ်ထုတ်လုပ်နိုင်ရေး တွန်းအားပေးကြိုးစားဆောင်ရွက်ရန်၊ စက်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် စက်တစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်တို့ကို ကျေညက်အောင် လေ့လာထားရန်၊ စက်ပစ္စည်းကိရိယာများအား ကိုင်တွယ်အသုံးပြုရမည့် လမ်းညွှန်ချက်များကို စနစ်တကျလေ့လာဖတ်ရှုထားရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြရန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ ခရိုင်အဆင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ




တိုက်ကြီး ဇူလိုင် ၂၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ခရိုင်အဆင့်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့၊ ပရဟိတအသင်းအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူးမြို့နယ်တို့မှ သင်တန်းသား ၁၀၀ တက်ရောက်ပြီး သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေးမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်လှစ်

ရေး ဇူလိုင် ၂၁

မွန်ပြည်နယ် ရေးမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။



**ပြောကြား**

အခမ်းအနားတွင် ရေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရေးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးအောင်ကိုလတ်က မြန်မာအီလက်ထရောနစ်မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် အမျိုးသမီးရေးရာအသင်း/မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးကြသည်။

ရေးမြို့နယ်အနေဖြင့် မြန်မာအီလက်ထရောနစ် မဲပေးစက်ကိုင်တွယ်အသုံးပြုခြင်းသင်တန်းကို ဇူလိုင် ၂၁ ရက် မှ ၂၂ ရက်ထိ သင်တန်းသား သင်တန်းသူ ၃၈၄ ဦးတို့အား နှစ်ရက်တာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ဆီဆိုင်မြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေး

ဆီဆိုင် ဇူလိုင် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုခြင်းဆိုင်ရာဆင့်ပွားသင်တန်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် အခြေခံပညာအထက်တန်းကျောင်း(ဆီဆိုင်)ရှိ ယုဇနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ကျော်ရန်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ဇင်မာဖြိုးက မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်းကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် အခမ်းအနားတက်ရောက်လာသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေးခြင်းများ လက်တွေ့ဆောင်ရွက်ကြသည်။

အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုခြင်းဆိုင်ရာဆင့်ပွားသင်တန်းကို ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၁၀ ရက်အထိ ၁၀ ကြိမ်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပုသိမ်မြို့၌ အခြေခံဓာတ်ပုံရိုက်ကူးရေးသင်တန်းဖွင့်

ပုသိမ် ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဌာနတွင်းဝန်ထမ်းများ အခြေခံဓာတ်ပုံရိုက်ကူးရေးသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေထက်ရှိန်က အမှာစကားပြောကြားသည်။



အဆိုပါသင်တန်းတွင် ဦးမောင်မောင်မြင့် (ရေနံ့သာမြေ)နှင့် ဦးကျော်ဇင်စိုး(ပြန်/ဆက်)တို့က စာတွေ့ပို့ချခဲ့ပြီး ကန်ကြီးထောင့်မြို့နယ် အနောက်စုကြီးခေတ်မီစံပြကျေးရွာသို့ ကွင်းဆင်းကာ ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော SMV လမ်း၊ RO ရေသန့်၊ ရေစင်၊ ရေပိုက်၊ ဝက် မွေးမြူရေး၊ IT စင်တာ၊စိုက်ပျိုးရေးလုပ်ငန်း၊ VDP လမ်း၊ စံပြဘက်စုံသုံးခန်းမ၊ ခြံစည်းရိုး၊ ကျေးရွာအဝင်ဆိုင်းဘုတ်၊ BOX Culvert လမ်းများကို လက်တွေ့ ကွင်းဆင်းရိုက်ကူးခဲ့ကြကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ-၂၃၊ မြေကွက်အမှတ်-၉၂၄၊ အကျယ်အဝန်းဧရိယာ(၃.၄၈၇)ဧကရှိ ဦးဘိုဘိုထွေးအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်၊ စားပင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၇၃၁/၂၀၂၃ (၂၇-၁-၂၀၂၃) ရရှိသူ ဒေါ်ချောစုလှိုင် [၁၂/ရပသ(နိုင်)၀၈၅၆၉၆]က အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ် (၁၃၆၈)၊(အလျား ၄၀ x အနံ ၆၀)ပေရှိ ဒေါ်မြင့်မြင့်ခင်(၁)[H2A-၁၈၈၃၇၄]အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဦးခင်မောင်ဝင်း[၁၂/ဥကမ(နိုင်)၁၃၈၇၉၀]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်ညွန့်နှင့် ဦးဝေဖြိုးအောင်တို့က အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း**(မူရင်း)**အထောက်အထားများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးပြီးနောက် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မေသူဇော်(LL.B)** | **ဒေါ်အိအိထွန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၁၄၅)** | **အထက်တန်းရှေ့နေ (စဉ်-၅၂၃၅၃)** |

**အိမ်အမှတ်-၁၀၀၇၊ ကာယသုခလမ်း၊ ၂၁-ရပ်ကွက်၊**
**ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၁၂၆၉၆၆၅၊ ၀၉-၄၀၀၀၀၁၈၉၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၆၁)ရပ်ကွက်၊ ရောချမ်းသာအိမ်ရာ၊ တိုက်(၉-ဘီ)၊ အခန်း(၂၁၀)၏ မူလအမည်ပေါက် ဦးလားသန်းမောရာ [၅/တမန(နိုင်)၀၄၅၄၄၁]+၁ တို့ထံမှ ဦးဟိန်းသီဟသွေး[၁၂/မဂတ(နိုင်)၀၉၄၉၅၁]+၁ တို့က စာချုပ်စာတမ်းဖြင့်ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့် နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ခ)၊ ခရေပင်ရိပ်မွန် (၄) ၊ ပန်းခရေလမ်း၊ မြေကွက်အမှတ်-၁/B၊ ဧရိယာ (၀.၁၂၄) ဧက၊ (၅၃၉၃) စတုရန်းပေရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ် RCအဆောက်အဦးနှင့် ဆက်နွယ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးပြည့်ဖြိုးအောင် (ဘ) ဦးဝင်းရှိန် (၁၃/လရန (နိုင်) ၁၃၂၇၁၀) မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဘိုးငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်၊ အဆောက်အဦးနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို အရောင်း အဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်နှင်းဝတ်ရည်ထွေး** (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၄၂၆၉)
အမှတ် (၂၃/၂၅) ၊ ၄၅-လမ်း၊ (၉) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၀၀၃၅၈၉၂၊ ၀၉-၇၆၂၆၉၂၇၃၇

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ညာခြင်း"

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၃၅၊ မြေကွက်အမှတ်-၄၀၉၊ ဒေါ် သောင်းစိန်အမည်ဖြင့်မှတ်သားတည်ရှိသည့် (၄၀´×၆၀´)ကျယ်ဝန်းသော(ပါမစ်)မြေကွက်ကို နောက်ဆုံးပိုင်ရှင် ဦးမောင်မောင်ပညာအောင် (၁၂/စခန (နိုင်) ၀၅၇၃၃၁) ထံမှဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရံငွေပေးချေပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုသူများရှိခဲ့ပါက ဤကြော်ညာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း စာချုပ်စာတမ်းမူရင်းများယူ ဆောင်လျက် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားပါမည်ဟု အများသိစေရန်ကြော်ညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်နိုင် (LL.B,D.B.L,D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၂၆)
အမှတ် (၁၀/၁၂)၊ မြေညီထပ်၊ (၃၅)လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၄၄၃၀၄၈၁၅၈

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့၊ ဥပ္ပံ့စုရပ်ကွက်၊ အနော်ရထာလမ်း၊ GIB-၂၅၂ ဟုခေါ်တွင်ပြီး ကွင်း/အကွက်အမှတ်နှင့် အမည်-၇၄၈(B)၊ တိုက်ကြီးရှမ်းစုမြောက်၊ ဧရိယာ (၀.၀၇)ဧက ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော မီတာ၊ ရေစက်ပါ (၂)ထပ် နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မာလာဦး [၁၂/ဥကမ(နိုင်)၀၀၁၆၇၆] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သွင်ဦး [၁၂/သဃက(နိုင်)၀၁၈၀၄၃]ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သွင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာနည်ဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၁၄)**
**အောင်သိပ္ပံလမ်း၊ ဥပ္ပံ့စုရပ်ကွက်၊ တိုက်ကြီးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၁၄၂၅၁၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ်(၁၂၄)ဟုခေါ်တွင်သော(၂)ခန်းတွဲ၊ (၇)ထပ်တိုက် အဆောက်အဦ၏ စတုတ္ထထပ်၊ ခြေရင်းခန်း (၄)လွှာ အကျယ်အဝန်း (၁၂ ပေ x ၅၃ ပေ) ရှိသည့် တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းမာလွင် [၁၂/စခန(နိုင်)၀၂၀၈၁၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တချို့တစ်ဝက်အား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်ပြီး ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀) ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအုန်းသောင်း(LL.B)** | **ဦးရောအုန်းသောင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၆၃၁၃) (၄-၁၂-၁၉၉၅)** | **(စဉ်-၁၄၉၉၅) (၁၃-၁၁-၂၀၁၈)** |

**အမှတ် (၅၁၂) (က/ခ)၊ (၇) လွှာ၊ အခန်း (၇၀၁)၊ ရွှေနိုင်ငံကွန်ဒို၊ သုမင်္ဂလာလမ်း၊**
**(၁၁) ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၇၉၉၉၉၈၈၃၊ ၀၉-၈၂၆၇၄၅၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဗဟို(မကြီးကြီး)လမ်း၊ အမှတ်(၈၈)ရှိ (၂)ခန်းတွဲ (၇)ထပ်တိုက်၊ တိုက်ခန်းအဆောက်အဦ၏ ၄-လွှာ (ခြေရင်းခန်း)၊ (အလျား x အနံ) (၁၆x၆၈)ပေရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား** တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုထားသူ ဒေါ်သိင်္ဂီဝင်း [၁၂/လသယ(နိုင်)၀၃၅၁၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မြ [၁၂/အစန(ပြု)၀၀၀၁၉၅]သည် (၁၁-၇-၂၀၂၅)ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသဖြင့် ယင်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချမ်းမြေ့ဦး (LL.B, D.B.L, D.I.L, D.M.L)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၂၅၁၄) (၁၆-၅-၂၀၀၇)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ မင်းကြီးလမ်း၊**
**အင်းစိန်မြို့နယ်။ ရုံးဖုန်း-၀၁-၃၆၄၃၂၉၆၊ ၀၉-၂၆၂၃၄၅၈၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း (၄)၊ (၈) ရပ်ကွက်၊ သုခပန်းခြံ၊ သုခ(၁)လမ်း၊ အိမ်အမှတ် (၁၄၁/က)(ပေ ၂၀ x ပေ ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စောနှင်းအေး [၇/ပတန(နိုင်)၀၉၁၆၆၅] ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သန်းသန်းမြင့် [၁၂/မဂတ(နိုင်)၀၂၉၀၀၁]မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသောကြောင့် ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်လင်းထွေး ( LL.B )**
**အထက်တန်းရှေ့နေ(စဉ် - ၃၈၂၃၈)**
**ရုံး-ရွှေပြည်သာတရားရုံးရှေ့၊ ရှေ့နေများနားနေခန်း ရွှေပြည်သာမြို့နယ်။**
**ဖုန်း - ၀၉-၄၂၀၁၀၇၅၈၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂စက်မြေ၊မြေကွက်အမှတ်-၈၃၊ဧရိယာ(၂၄၀၀)စ/ပေ၊မြေကွက်တည်နေရာအမှတ်(၈၃)၊ရာဇသင်္ကြန်လမ်း၊စက်မြေရပ်ကွက်၊ဒလမြို့နယ်၊ဦးမျိုးညွန့်(TTE-၁၄၉၃၅၉)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်(ဖခင်)ဦးမျိုးညွန့်နှင့်ဒေါ်အေးအေးမော်(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့်တရားဝင်အမွေဆက်ခံခွင့်ရှိသောသား/သမီးများ တော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဂရန်မူရင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊အိမ်ထောင်စုလူဦးရေစာရင်း၊သေဆုံးမှုလက်မှတ်များတင်ပြ၍ဒေါ်အေးသန္တာမျိုးညွန့်(၁၂/ဒလန(နိုင်)၀၄၂၄၁၇)၊ဦးသူရမျိုးညွန့်(၁၂/ဒလန(နိုင်)၀၄၂၄၃၇)၊ဒေါ်ဖူးစာမျိုးညွန့်(၁၂/ဒလန(နိုင်)၀၄၂၁၂၂) တို့ကအမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ဘုရားကုန်းအဆင့်(၁)၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ စကြာပူလမ်း၊ မြေကွက်အမှတ်(၉၆၅)၊ ဦးမြင့်ဝင်း ပါမစ်အမည်ပေါက်၊ မြေကွက်အကျယ်ပေ(၄၀ပေx၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို** တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးမျိုးမောင်(ဘ)ဦးစံတင့်[၁၂/ခရန(နိုင်)၀၅၅၅၃၃]၊ ဒေါ်အုံးမြင့်(ဘ)ဦးကင်း (KYN-၂၁၉၃၁၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ကိုနန်းဝေဖြိုး [၁၂/တတထ(နိုင်)၀၀၈၁၉၁]၊ မခင်စန္ဒာထွန်း [၁၂/ဒဂတ(နိုင်)၁၁၀၁၅၉]တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၅၅)**
**သန်လျင်ခရိုင်တရားရုံးရှေ့၊ ရှေ့နေများရုံးခန်း၊ သန်လျင်မြို့။ ဖုန်း-၀၉-၇၈၉၂၃၅၄၉၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်-၈၂ ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၇) ထပ်တိုက်၏ တတိယထပ် (၄-လွှာ) (ခေါင်းရင်းခန်း)၊ (တိုက်ကိုမျက်နှာမူလျှင် လက်ဝဲဘက်အခန်း)၊ အကျယ်အဝန်း (၁၅x၅၀)ပေရှိ RC တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် မြေရှင် ဦးသန်းအောင်၏သား ဦးဝင်းသန်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စမ်းသီတာ [၁၂/ဥကမ(နိုင်)၀၈၉၃၁၀]အား ကျွန်ုပ်၏မိတ်ဆွေ ဦးရဲသိန်းသန်း [၁၂/ကမတ(နိုင်)၀၀၀၄၁၁]မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)**
**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ ဓမ္မရာဇလမ်း၊ မြေကွက်အမှတ်(၆၅၅)၊ မြေအကျယ်အဝန်း(၂၀ပေx ၆၀ပေ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ မြေကွက်အမှတ်(၆၅၄)နှင့်ကပ်လျက်ဘက်အခြမ်း၊ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးလှကျော်[၁၂/ဥကတ(နိုင်)၀၃၃၀၅၇]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်အေးအေးသန်း[၁၀/ပမန(နိုင်)၀၁၄၀၆၇]**သည် "နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** | **ဒေါ်သက်ထားနိုင် (LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၈၂၃)** | **(စဉ်-၅၆၈၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်သန်းငွေး(ခ)ဒေါ်သန်းသန်းငွေး (LL.B)** | |
| | **(စဉ်-၅၆၆၆၂)** | |
| | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၂၀၈၈၆၉၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ အနော်ရထာလမ်း၊ မြေကွက်အမှတ်(၅၀၅)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးအောင်လှိုင်မိုး[၁၂/ကမတ(နိုင်)၀၂၀၁၁၆]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးမျိုးမင်းဦး[၁/မကန(နိုင်)၀၈၃၃၉၆]**သည် "**နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်**" ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းငွေး(ခ)ဒေါ်သန်းသန်းငွေး(LL.B)** | |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၆၆၂)** | |
| **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်ပန်းသဇင်ကျော်** | **ဒေါ်သက်ထားနိုင်(LL.B)** |
| | **(စဉ်-၅၆၈၂၃)** | **(စဉ်-၅၆၈၇၅)** |
| | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ရွှေစင်(၂) လမ်း၊ မြေကွက်အမှတ်(၃၇၆/ခ)၊ မြေအကျယ်အဝန်း (၂၀ ပေ x ၆၂ ပေ ၆ လက်မ)၊ ဧရိယာ(၀.၀၂၈၆)ဧက၊ (၁၂၅၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် **ဦးရန်နောင်စိုး [၉/ကပတ(နိုင်)၁၄၇၄၇၉]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** | **ဒေါ်သက်ထားနိုင် (LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၈၂၃)** | **(စဉ်-၅၆၈၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်သန်းငွေး(ခ)ဒေါ်သန်းသန်းငွေး (LL.B)** | |
| | **(စဉ်-၅၆၆၆၂)** | |
| | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၂၀၈၈၆၉၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံ လေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**ဓာတ်ခွဲနမူနာစုစုပေါင်း ၆၅၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ**

စာမျက်နှာ » ၇

**အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၅၂ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့**

စာမျက်နှာ » ၁၂

**တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွင်းတားဖိုင်နယ်ပွဲစဉ်များ ကျင်းပ**

စာမျက်နှာ » ၁၈

## ကမ္ဘာ့အဆင့်ပြိုင်ပွဲ Mobile Legend အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ Women Invitational 2025 (MWI 2025) ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် တတိယရရှိခဲ့သော မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ပြန်လည်ရောက်ရှိ




ရန်ကုန် ဇူလိုင် ၂၁

ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ့်မြို့၌ ဇူလိုင် ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့အဆင့်ပြိုင်ပွဲ MLBB Women Invitational 2025 (MWI 2025) ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကမ္ဘာ့အဆင့် တတိယရရှိခဲ့သော မြန်မာ Esports အားကစားအဖွဲ့သည် ယနေ့ ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီး ဦးအောင်မျိုးဝင်းနှင့် တာဝန်ရှိသူများ၊ စာမျက်နှာ ၁၄ ကော်လံ ၂ သို့ ☆

## အာဆီယံ ယူ-၂၃ ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲ မြန်မာနှင့်ထိုင်း ယနေ့ကစားမည်

ရန်ကုန် ဇူလိုင် ၂၁

၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ဇူလိုင် ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ထိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

အုပ်စု(ခ)နှင့် (ဂ) နောက်ဆုံးပွဲများကို ဇူလိုင် ၂၂ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❖



မြန်မာအသင်းနှင့် တီမောအသင်းတို့ အုပ်စုအဖွင့်ပွဲ ယှဉ်ပြိုင်နေစဉ်။

## AFF U–23 Championship ဘောလုံးပြိုင်ပွဲ မြန်မာယူ-၂၃ အသင်းနှင့် ထိုင်းယူ -၂၃ အသင်းတို့ အုပ်စုဒုတိယပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၂၁

၂၀၂၅ ခုနှစ် အာဆီယံအသက် ၂၃ နှစ်အောက် AFF U – 23 Championship အမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် မြန်မာယူ – ၂၃ အသင်းနှင့် ထိုင်း ယူ – ၂၃ ဘောလုံးအသင်းတို့ ဇူလိုင် ၂၂ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ ည ၇ နာရီ ၁၅ မိနစ်မှ စတင်၍ MRTV Parliament Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်